# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday, 7 July 2025 ၁၁၈၇၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၆

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


## ယနေ့ ဖတ်စရာ


ဆင်းရဲငြိမ်းမှုချမ်းသာရာ သစ္စာလေးဖြာမြတ်ဒေသနာ
ဆောင်းပါး စာမျက်နှာ » ၆

အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ
စာမျက်နှာ » ၇

ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ
စာမျက်နှာ » ၈

ဇူလိုင်မိုးနှင့်အတူ ရွှေပင်ငွေပင်စိုက်ကြစို့
ဆောင်းပါး စာမျက်နှာ » ၁၀

၂၀၂၅ ခုနှစ် ဇွန်လအတွင်း(၁၆-၆-၂၀၂၅ ရက်နေ့မှ ၃၀-၆-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၁၇

ကြေးမုံ

# အခြေအမြစ်မရှိ စွပ်စွဲချက်ကိုလက်မခံ အပြုသဘောချဉ်းကပ်မှုျဖင့်တဆောင်ရွက်သင့်

၂၀၂၄ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် စာရွက်စာတမ်းအမှတ် A/ 79/ 878–S 2025/ 247 ဖြင့် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာကို ဇွန်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေး၌ဆွေးနွေးခဲ့ရာ အခြေအမြစ်မရှိ အထောက်အထားမခိုင်လုံသော စွပ်စွဲချက်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများကို လေးစားလိုက်နာ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အခြားလူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအရေးကိစ္စရပ်များတွင်လည်း ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များအပေါ်တွင် အလေးထားဆောင်ရွက်လျက်ရှိသည်။ သို့သော် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စရပ်များနှင့်ပတ်သက်၍ တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းမရှိဘဲ အခြားမခိုင်မာသော အချက်အလက်များ၊ သတင်းများကို ကိုးကား၍ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သောဆောင်ရွက်မှုများ အစဉ်အမြဲပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အရွယ်မရောက်သေးသူများ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနကဦးဆောင်သည့် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံတင်ပြရေးအဖွဲ့ (UN CTFMR) တို့နှစ်ဖက်တွေ့ဆုံပူးပေါင်း၍ တိုက်ဆိုင်စိစစ်မှုများကို နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဖက်အကြား အစည်းအဝေး(၄)ကြိမ်တိုင်ကျင်းပခဲ့ပြီး စိစစ်တွေ့ရှိသည့် အသက်မပြည့်သေးသော စစ်သည် ၉၃ ဦးကို တပ်မတော်မှနုတ်ထွက်ခွင့်ပေးကာ မိဘများထံသို့ ကောင်းမွန်စွာ ပြန်လည်အပ်နှံပေးခဲ့ပါသည်။ နုတ်ထွက်ခွင့်ရသည့် စစ်သည်တစ်ဦးချင်းအလိုက် ထောက်ပံ့ကြေးငွေများ ပံ့ပိုးပေးခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အသက်မပြည့်ဟု သံသယရှိသူ စစ်သည် ၁၈ ဦးသာ ကျန်ရှိပါသည်။

ထို့အပြင် ကလေးသူငယ်များကို အကာအကွယ်ပေးရန်နှင့် ကောင်းကျိုးချမ်းသာရရှိစေရေးဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ တိုင်ကြားမှုဖြစ်စဉ် ၉၈ ခုကို ဆောင်ရွက်ပေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများနှင့် သက်ဆိုင်ခြင်းမရှိသည့် ဖြစ်စဉ်များသာ တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ကုလသမဂ္ဂ၏ ယခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စွပ်စွဲချက်များသည် စနစ်တကျစိစစ်ထားခြင်းမရှိသည့် ကိန်းဂဏန်းအချက်အလက်များ လွဲမှားစွာဖော်ပြထားကြောင်း တွေ့ရသည်။

ဥပမာအားဖြင့် မြန်မာ့တပ်မတော်သည် အသက်မပြည့်သေးသူ ကလေးသူငယ် ၄၈၂ ဦးကို စစ်သည်အဖြစ် စုဆောင်းအသုံးပြုကြောင်း စွပ်စွဲထားသော်လည်း ၂၀၂၄ ခုနှစ်အတွင်း ကုလသမဂ္ဂက မြန်မာနိုင်ငံအစိုးရဘက်သို့ပေးပို့လာသည့် အမှုတွဲမှာ ရှစ်မှုသာဖြစ်၍ အစီရင်ခံစာပါ စွပ်စွဲထားသည့် ကိန်းဂဏန်းများ လုံးဝလွဲမှားနေသည်မှာ ထင်ရှားပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း NUG နှင့်၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၃၁၈ ဦး အပါအဝင် အပြစ်မဲ့ ပြည်သူ ၈၅၈၈ ဦး သေဆုံးခဲ့ပြီး ကလေးသူငယ် ၁၂၁၉ ဦး ထိခိုက်ဒဏ်ရာရသည့် အချက်များကို လုံးဝဖော်ပြထားခြင်းမရှိဘဲ တပ်မတော်အပေါ်ကိုသာ စွပ်စွဲထားကာ အကြမ်းဖက်အဖွဲ့များ၏ ရာဇဝတ်မှုများကို “အမည်မသိ ကျူးလွန်သူများ”ဟု ရှင်းလင်းပြတ်သားမှုမရှိဘဲ ဖော်ပြထားသည်မှာ ဘက်လိုက်မှုသာဖြစ်သည်။

သို့ဖြစ်ရာ ကုလသမဂ္ဂအနေဖြင့် တစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသည့် ဘက်လိုက်သော အစီရင်ခံစာများပြုစုခြင်းနှင့်နှစ်နိုင်ငံဖိအားပေးမှုများ ပြုလုပ်နေခြင်းသည် အဖွဲ့ဝင်နိုင်ငံများအပေါ် သမာသမတ်မကျသည့် ဆောင်ရွက်မှုအဖြစ် မေးခွန်းထုတ်စရာဖြစ်နေသည်။ ယခုအစီရင်ခံစာတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် မြေပြင်အခြေအနေမှန်ကို ထင်ဟပ်မှုမရှိသည့် မှားယွင်းသော ကိန်းဂဏန်းအရေအတွက် ဖော်ပြချက်များကိုကန့်ကွက်ပြီး အပြုသဘောဆောင်ချဉ်းကပ်မှုဖြင့် မျှတစွာဆောင်ရွက်သင့်ပါကြောင်း။ ။

---

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

---

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည်–

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ် သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ် အကူအညီတောင်းခံကြပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

---

## ၆ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | – ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

**စာမျက်နှာ ၄ သို့ ✪**





## ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❂ စာမျက်နှာ ၃ မှ

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီးက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်လျက်ရှိသည့် Container House များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ ပြောင်းရွှေ့ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများအတွက် Container House များ ဆောက်လုပ်၍နေရာချထားသည့် နေပြည်တော် ဘူတာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး (ရွာတော်)၊ ရုံးအမှတ်(၂)၊ ရုံးအမှတ်(၅)၊ နေပြည်တော် ဗဟိုစာတိုက်ကြီးနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနေရာများသို့ သွားရောက်၍ Container House များ ဆောက်လုပ်ပြီးစီးမှု၊ ဝန်ထမ်းနှင့် မိသားစုများအတွက် သောက်ရေသုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စားဖိုဆောင်များ စနစ်တကျ ဆောက်လုပ်ရန်၊ မိလ္လာနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေး ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့် နေရာများတွင် သီးပင်စားပင်များ စနစ်တကျစိုက်ပျိုးရန်၊ အိမ်ရာအလိုက် တည်မြဲအမိန့်ထုတ်ပြန်ရန်၊ ဝန်ထမ်းများ အေးချမ်းသာယာ ပျော်ရွှင်စွာ နေထိုင်နိုင်ရေး လိုအပ်ချက်များကို ဆောင်ရွက်ပေးရန်၊ တပ်ဆင်တည်ဆောက်ရန် ကျန်ရှိနေသော Container House များကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ပြောင်းရွှေ့ရန် ကျန်ရှိသောဝန်ထမ်းများနှင့်မိသားစုဝင်များကိုအမြန်ဆုံး နေရာချထားပေးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ ယာယီနေထိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House ၈၇၁ လုံးအနက် ၈၆၆ လုံး (၉၉ ဒသမ ၄၂ ရာခိုင်နှုန်း) တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည် ပြုပြင်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျပြန်လည်အသုံးပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည်သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မတာမံနှင့် ကုန်းကျောတာမံများ ပြန်လည် ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အားနှင့် စက်ယန္တရားများ တိုးမြှင့်ဆောင်ရွက်ရေး၊ တာဝန်ခံအင်ဂျင်နီယာများက အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ရာဇသင်္ဂဟလမ်းကြီးနှင့် ရာဇဌာနီလမ်းမကြီးများသို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် Regulating Course Mix Design ပြန်လည်အဆင့်မြှင့်တင် ပြုပြင်နေမှု အခြေအနေများကို လည်းကောင်း၊ ဥတ္တရသီရိ ရေလှောင်တမံ ယာယီရေတားတမံဆောင်ရွက်ထားရှိမှု၊ အရေးပေါ် ရေပိုလွှဲ ဆောင်ရွက်နေမှုနှင့် ရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



# ပုသိမ်မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် ဇူလိုင် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စု ရွှေမြင်တင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက အမှာစကားပြောကြားပြီး ရွှေမြင်တင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မိသားစုဝင်ငွေတိုးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားကာ သင်တန်းတက်ရောက်မည့်သူများနှင့် သင်တန်းဖွင့်ပွဲအမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ဇူလိုင် ၄ ရက်မှ ဩဂုတ် ၂ ရက်အထိ တစ်လကြာ စာတွေ့/လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဩဂုတ် ၇ ရက်မှ ၂၂ ရက်အထိ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒဂုံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က “ Road Safety” ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မြစန်းဌေးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက တက်ရောက်လာသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းသန်းက ဟောပြောပေးသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်/ဌာနအသီးသီးမှ ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ဆင်းရဲငြိမ်းမှုချမ်းသာရာ သစ္စာလေးဖြာမြတ်ဒေသနာ

## ဒေါက်တာ မြတ်မိုး

> **ကျွန်တော်တို့သည် ဘဝရာဂ၊ ဘဝတဏှာဖြင့် ကောင်းသောဘဝတွေရဖို့၊ ကောင်းတာတွေ တောင့်တခဲ့ကြ၍ ဘဝတွေပြန်ဖြစ်နေရခြင်းကိုမူ သိရန်လိုနေပါသည်။ ပဋိသန္ဓေနေပြီး မွေးခဲ့ကြ၍သာ အို၊ နာ၊ သေဘေးဘဝတွေ မလွဲကေန်ပြန်ဖြစ်ကြရသည်မဟုတ်ပါလား။ မိမိတို့သည် ယခင်ဘဝက ကုသိုလ်တွေလုပ်ခဲ့၍ ယခုလို လူ့ဘဝ ခဏတာရနေတာကိုပင် ဟုတ်လှပြီထင်နေခြင်း ဖြစ်သည်။ အကုသိုလ်လုပ်ခဲ့ကြ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဘုံကျသွားရသူက ပိုများလှသည်။ အမိဝမ်းတွင်းမှာကတည်းက ဆင်းဆင်းရဲရဲ နေခဲ့ရသည့်ဒုက္ခ၊ မွေးလာတော့လည်း မသက်သာ၊ မသိကြ၍သာ။ ဘဝတစ်လျှောက်လုံး ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်ခါ ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ တက်လိုက်၊ ကျလိုက်ဖြစ်၍လည်း ဒုက္ခဟုခေါ်ခြင်းဖြစ်သည်။ ဤသည်ပင် မပြောင်းလဲသောအမှန်တရားဖြစ်၍ သစ္စာတစ်ပါးဖြစ်သည့် ဤဒုက္ခသစ္စာကို ကျေးဇူးရှင်မြတ်စွာဘုရား ကိုယ်တိုင် ကျင့်ပြီးမှသိခဲ့ခြင်းဖြစ်၍ လောကသားအားလုံးသိအောင်လည်း ဟောခဲ့ခြင်းမှာ ကျေးဇူး အလွန်ကြီးမားလှ**

မြတ်ဗုဒ္ဓ၏အဆုံးအမများတည်ရာ ဤသာသနာ အဆုံးအမများနှင့်အညီ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ အကျင့်သိက္ခာသုံးဖြာတို့သည် ကျင့်ကြံအားထုတ်ရမည့် တရားများဖြစ်ကြောင်း ဂေါတမမြတ်စွာဘုရား၏ ဘုရားဖြစ်ပြီးချင်း ဦးဆုံးတရားဦးဖြစ်သည့် ဓမ္မစကြာတရားတော်ကြီးကို ဦးဦးဖျားဖျားနာကြားခွင့်ရခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့သည် ဤတရားတော်ကို နာကြားပြီးစဉ်မှာပင် တစ်ဦးပြီးတစ်ဦး သောတာပန်ဖြစ်ပြီး ဧဟိဘိက္ခုရဟန်းများ ဖြစ်သွားခဲ့ကြသည်။

ဝါဆိုလပြည့်ကျော် ငါးရက်မြောက် အနတ္တလက္ခဏသုတ်ကို နာကြားပြီးအခါမှာတော့ ပဉ္စဝဂ္ဂီငါးပါးလုံး အနုသယကိလေသာအားလုံး ကင်းစင်သွားသည့် ရဟန္တာများ ဖြစ်သွားကြလေသည်။

**ရတနာသုံးပါး**
**စတင်ပွင့်ထွန်းထင်ရှားဖြစ်ခဲ့ရာ**

ဓမ္မစကြာဒေသနာတော်ကို နာကြားပူဇော်ရသည့် အကြောင်းအချက်မှာ ထူးမြတ်လှသည့် အကျိုးထူးများကို ရရှိစေလို၍ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဝါတွင်းသုံးလ အစပြုသည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်၊ လထွက် အခါသမယတွင် ဘုရားရှင်က ဤဓမ္မစကြာဒေသနာတော်ကို ဟောတော်မူခဲ့သည်။ အတိတ်ကာလ ဤနေ့ဤရက်တွင် တုသိတာနတ်ပြည်မှ စုတေခဲ့သည့် သိဒ္ဓတ္ထဘုရားလောင်းသည် ဤနေ့တွင်ပင် လူ့ပြည်၌ ပဋိသန္ဓေတည်ခဲ့သည်မှာ တိုက်ဆိုင်မှုတစ်ခုမဖြစ်နိုင်။ အို၊ နာ၊ သေ မမြဲသော နိမိတ်သဘောကိုမြင်ပြီး လောကကိုအကျိုးပြုရန် တောထွက်ခဲ့သည်ကလည်း ဤနေ့တွင်ပင်။ ထူးခြားလေးနက်မှုတို့ပြည့်နှက်နေရာဤသာသနာ အစပျိုးရာ ဤနေ့ဤအခါသမယတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ စတင်ပွင့်ထွန်းထင်ရှားဖြစ်ခဲ့ပါပြီ။

ကာမရာဂါ ပဋိဃာ မာနာ ဘဝရာဂါ ဒိဋ္ဌာ ဝိစိကိစ္ဆာ အဝိဇ္ဇာဆိုသည့် ဆိုင်ရာ အာရုံနှင့်ကြုံမှ ပေါ်လာတတ်သည့် အနုသယကိလေသာဆိုးများကို မဂ်နှင့်ပယ်၊ ဖိုလ်နှင့် ငြိမ်းပြီး ဦးဆုံးသိ၊ ဦးဆုံးဟောသည့် မြတ်စွာဘုရားရှင်၏ ဦးဆုံးတရားတော်ကြီးမို့ နာယူလေ့လာမှတ်သားထိုက်ပါသည်။ ယခုလိုကာလမျိုးတွင် ဤတရားတော်ကို နာကြားမည်၊ သိအောင်လည်းကြိုးစားမည်၊ သိပြီးလည်း ကျင့်နိုင်ကြလျှင် မည်မျှကောင်းလိုက်မည်လဲ၊ မိမိတို့ရင်ထဲ၊ နှလုံးသားဝယ် ယခုဘဝ၊ နောင်ဘဝ သာသနာတည်၍ ငြိမ်းချမ်းသွားမှာ သေချာလှပါသည်။

**သစ္စာတရားအမှန်အဖြစ် သိခဲ့ခြင်း**

ဘုရားရှင် ဦးဆုံးဟောကြားရာ ဤဒေသနာတော်တွင် ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ နိဃောဓဟူသည့် အရိယာ သစ္စာလေးပါးသော တရားဖြင့် အို၊ နာ၊ သေ သံသရာဝဲဂယက်များ ထပ်မဖြစ်စေရန် လမ်းပြထားပြီး အို၊ နာ၊ သေဝဋ်ဒုက္ခများ ချုပ်ငြိမ်းစေမည့် နည်းလမ်းများကို ဘုရားရှင်က သူသိသလို အခြားသူများလည်းသိစေရန် ဖော်ထုတ်ထားပါသည်။ အမြဲမှန်ကန်နေသည့် တရားများဖြစ်၍ သစ္စာတရားဟုလည်း ဆိုထားခြင်းဖြစ်သည်။ ကျွန်တော်တို့အားလုံး မွေးသည်မှသည် သေသည်အထိ ဒုက္ခချည်းသာဟုဆိုလျှင် လွန်အံ့မထင်။ ဇာတိရလာသည်နှင့် အို၊ နာ၊ သေ ဘယ်လိုမှမလွတ်နိုင်၊ အဖန်တလဲလဲ ဘဝတွေပြန်ဖြစ်ရမည်သာ၊ ကောင်းကောင်း၊ ဆိုးဆိုး ဘယ်ဘဝရောက်ရောက် အိုရ၊ နာရ၊ သေကြရပြန် ဒုက္ခတွေချည်းသာ။

ထို့ကြောင့် ဘယ်ဘဝဖြစ်ဖြစ် ဒုက္ခဟု ဆိုရခြင်းဖြစ်သည်။

သို့သော် ကျွန်တော်တို့သည်ဘဝရာဂ၊ ဘဝတဏှာဖြင့် ကောင်းသောဘဝတွေ ရဖို့၊ ကောင်းတာတွေတောင့်တခဲ့ကြ၍ ဘဝတွေပြန်ဖြစ်နေရခြင်းကိုမူ သိရန်လိုနေပါသည်။ ပဋိသန္ဓေနေပြီး မွေးခဲ့ကြ၍သာ အို၊ နာ၊ သေဘေးဘဝတွေ မလွဲကေန် ပြန်ဖြစ်ကြရသည် မဟုတ်ပါလား။ မိမိတို့သည် ယခင်ဘဝကကုသိုလ်တွေလုပ်ခဲ့၍ ယခုလို လူ့ဘဝခဏတာ ရနေတာကိုပင် ဟုတ်လှပြီထင်နေခြင်း ဖြစ်သည်။ အကုသိုလ်လုပ်ခဲ့ကြ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဘုံ ကျသွားရသူက ပိုများလှသည်။ အမိဝမ်းတွင်းမှာကတည်းက ဆင်းဆင်းရဲရဲ နေခဲ့ရသည့်ဒုက္ခ၊ မွေးလာတော့လည်း မသက်သာ၊ မသိကြ၍သာ။ ဘဝတစ်လျှောက်လုံး ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်ခါ ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ တက်လိုက်၊ ကျလိုက်ဖြစ်၍လည်း ဒုက္ခဟု ခေါ်ခြင်းဖြစ်သည်။ ဤသည်ပင် မပြောင်းလဲသော အမှန်တရားဖြစ်၍ သစ္စာတစ်ပါးဖြစ်သည့် ဤဒုက္ခသစ္စာကို ကျေးဇူးရှင် မြတ်စွာဘုရားကိုယ်တိုင် ကျင့်ပြီးမှသိခဲ့ခြင်းဖြစ်၍ လောကသား အားလုံးသိအောင်လည်း ဟောခဲ့ခြင်းမှာ ကျေးဇူးအလွန်ကြီးမားလှပါသည်။

**ပယ်ရမည် ဆိုက်ရမည့်တရား**
**အမှန်သဘော**

ထို့နောက် သိရမည်ဆိုသည့် ဒုက္ခ အမှန်သည် ဘာကြောင့်များဖြစ်ရပါသလဲ။ ဓမ္မစကြာတရားတွင် ဒုက္ခ၏ အကြောင်းတရားကို ဘုရားရှင်ကဆက်၍ ဟောကြားထားသည်မှာ ဘဝဟုဆိုလျှင် ဘယ်ဘဝမှမကောင်းဟု ဆိုရခြင်းမှာ ဘဝနှင့်ဒုက္ခ တစ်ထပ်တည်းမြင်ခဲ့သည့် အတွက်ဖြစ်သည်။ သို့သော် ကျွန်တော်တို့က ထိုမကောင်းသည့်ဘဝကိုပင် မက်မက်မောမော မသိ၍ လုပ်ချင်ရာ လုပ်ခဲ့ကြသည်။ ဘဝတဏှာကြောင့် ဖြစ်လာသည့် ဤရုပ်၊ နာမ် ပရမတ်ခန္ဓာကြီးကို ပညတ်ထင်၍ ဤဘဝပိုင်ဆိုင်ရသည်ကိုပင် မြဲသည်ထင်ပြီး ကိုယ်ပိုင် ခန္ဓာပမာ အလှဆင်နေကြခြင်းဖြစ်သည်။ ဤခန္ဓာကြီးတည်တံ့အောင် မနည်း စောင့်ရှောက်နေရသည်ကိုပင် ဒုက္ခဟု မထင်။ အမှန်က စား၊ ဝတ်၊ နေရေးအရ လိုချင်တာ ဖြစ်ချင်တာတွေအတွက် အသက်မွေးဝမ်းကျောင်း ပြုရသည်ကလည်း ဒုက္ခတစ်မျိုးပါ။ မချစ်သော လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါနှင့် ပေါင်းသင်းရသည့်အခါ၊ မနှစ်သက်သောပစ္စည်းမျိုး ရလိုက်သည့်အခါမှာလည်း ဆင်းရဲရသည်။ ချစ်သောသူနှင့် ကွေကွင်းရလျှင်လည်း၊ ကြိုက်သည့်ပစ္စည်းလေး မရှိတော့လျှင်လည်း ဆင်းရဲရသည်။

ရသင့်သလောက် ရလာတော့လည်း ရတာထက်ပိုလိုချင်၊ ဖြစ်သင့်သည်ထက် ပိုဖြစ်ချင်ကြသည့် လောဘရမ္မက်ရယ်လို့ ဖြစ်လာပြီး လိုချင်၊ ဖြစ်ချင်တာ ရဖို့၊ ဖြစ်ဖို့ ပိုပြီး ရုန်းကန်ရ ရင်ဆိုင်ကြရပြန်သည်။ ဖြစ်ချင်တာမဖြစ်၊ လိုချင်တာမရသည့် အခါ တိုက်ကြ၊ ခိုက်ကြသည်အထိ ဖြစ်ရတော့သည်။ ရပြီးပြည့်ပြီးတော့လည်း ရပြီးသားလေးကို စိတ်မချ၊ လုံခြုံအောင် ထိန်းသိမ်းရသည့်ဒုက္ခနှင့် ဖြစ်လာသည့် ပူပန်စိုးရိမ်သောကဟူသည့် တရားဆိုးများကလည်း ဒေါသဆိုသည့် ဆင်းရဲခြင်းပါပဲ။ ဤတွင် ဆင်းရဲခြင်းဒုက္ခဖြစ်ရန် ချမ်းသာချင်သည့် တဏှာလောဘက ဦးစွာဖြစ်ရသည်ဟု မြင်မိသွားသည်။ ချမ်းသာလာတော့လည်း ကပ်ဘေးစုံ၊ သူခိုးမျိုးစုံ၊ မင်းဘေးရန်များကြောင့် ပြန်ဆင်းရဲမှာကို ကြောက်ရသည့်ဒုက္ခ၊ ဘယ်မှာလဲ အမှန်ချမ်းသာဆိုသည်ကို လောကီနယ်မှာ ရှာလို့ရနိုင်ပါမည်နည်း။

အားလုံးသည် ဒုက္ခချည်းပဲဆိုသည်ကို သိလာလျှင်၊ ဒုက္ခ၏မူလအကြောင်းတရားသည်ပင် လောဘတဏှာကြောင့်ဆိုသည်ကို သိလာလျှင်၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းဆိုသည့် အကျိုးတရား၏ အကြောင်းတရားသည်ပင် သမုဒယသစ္စာဟု သိလာလျှင်၊ တစ်နည်းဆင်းရဲခြင်းသည်ပင် လောဘလက်ချက်ဆိုသည်ကို သိလာလျှင်.... မကောင်းသည့်အကြောင်းတရားများကို ပယ်ဖို့သာလျှင်ဖြစ်တော့သည်ဟု ဗုဒ္ဓဘုရားရှင်က ဆုံးမပြတော်မူခဲ့သည့်အတိုင်း မလွဲမသွေ လိုက်နာကြရန်သာ ရှိသည်မဟုတ်ပါလား။

သို့သော် အကြောင်းကိုမပယ်ဘဲ အကျိုးကိုပယ်နေကြ၍ ဘာထူးမည်နည်း။ ထို့ကြောင့် ဒုက္ခကိုမပယ်ဘဲ သမုဒယကိုသာ ပယ်ရပေမည်။ တစ်ခါတလေ မကောင်းဘူးဆိုတာသိနေသည်၊ သို့သော် ပယ်လို့ကမရ။ ဘာကြောင့်လဲဆိုလျှင် သိသော်လည်း နှစ်သက်၊ တပ်မက်၊ စွဲလမ်းမှုများ အားကြီးနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုနှစ်သက်၊ တပ်မက်၊ စွဲလမ်းနေမှုကို ပယ်သတ်နိုင်အောင်ကြိုးစားရတော့မည်ပေါ့။ သတ်နိုင်မှလည်း ငြိမ်းလိမ့်မည်။ ထိုသို့ လောဘတဏှာခေါ် သမုဒယသစ္စာကို ပယ်သတ်ပြီး ငြိမ်းနိုင်မှသာလျှင် ဒုက္ခအားလုံး ချုပ်ငြိမ်းရာကို ရောက်ပါလိမ့်မည်။ သို့မှသာ နိရောဓသစ္စာအမှန် ဆိုက်ရောက်မည်ဟုဆိုပါသည်။

ဓမ္မစကြာတရားဦး၏ ပဓာနကား သစ္စာလေးပါး အမှန်တရားဖြစ်သည်ကို သိခဲ့ကြပါပြီ။ အမှန်ဟုဆိုသည့်အတွက် အမှားကင်းသည်မှာ သေချာသွားသည်။ လေးနက်သည်ဆိုရာတွင် ကျေးဇူးရှင်မြတ်ဘုရား၏ အမှန်တရားတွင် အမှားလည်းကင်း၊ အမှားသို့ဦးတည်နိုင်သည့် အစွန်းနှစ်ပါးမှ ကင်းလွတ်ခြင်းဆိုသည့် လက္ခဏာများလည်း ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တိုင်က အို၊ နာ၊ သေဝဋ်ဒုက္ခမှလွတ်ရန် ကြိုးစားခဲ့ရာတွင် ကာမအစွန်းနှင့် နှိပ်စက်ဆင်းရဲခြင်းအစွန်း၊ အစွန်းနှစ်ဖက်ကိုရှောင်၍ အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းစဉ်မှ ကျင့်ကြံအားထုတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ဤလမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ကြရန် လမ်းပြပေးခဲ့ခြင်းဖြစ်သည်။ လက်တွေ့ မိမိတို့ သာသနာပြုရာလမ်းကြောင်း၊ လောကီရေးရာ လမ်းကြောင်းများမှာကော ဘယ်လမ်းကြောင်းကနေ ဘယ်လို အားထုတ်နေကြပါသလဲ၊ အဘယ်လမ်းစဉ်ကို လိုက်နေကြပါသလဲ၊ အစွန်းတရားတွေက လွတ်ကြပါရဲ့လား။ ရှိသင့်ရှိထိုက်သည်ထက် ပိုရှိချင်နေသူတွေ၊ ဖြစ်သင့်သည်ထက် ပိုဖြစ်ချင်နေသူတွေ၊ ပြည့်သည်ထက် ပိုပြည့်ချင်သည့် လောဘတွေများစွာရှိနေကြဆဲဖြစ်မှာပါ။ အလယ်အလတ် မဇ္ဈိမအကျင့်လမ်းဟူသည် ဓမ္မစကြာတရားကိုနာယူခိုက်မှာ အစွန်းနှစ်ဖက်ရှောင်၍ အမှန်လမ်းမှ လျှောက်လှမ်းနိုင်ရေး သံဝေဂယူနိုင်မည်ဆိုလျှင် လောကီအရေးအရာများအတွက်ပါ များစွာအကျိုးရှိပါမည်။ မြတ်စွာဘုရားကား ၁၃ နှစ်လုံးလုံး ကာမစည်းစိမ်ချမ်းသာကို ရရှိခံစားခဲ့ဖူးသော်လည်း အကျိုးကျေးဇူးကား နတ္ထိသာဖြစ်ကြောင်း သိရှိသွားခဲ့သည်။ ကာမဂုဏ်အာရုံဟူသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့မှာ အလွန်အကျူးခံစားခြင်း၊ မိမိခန္ဓာကိုပင်ပန်းနှိပ်စက်ပြီးမှ ကျင့်ကြံခြင်းဟူသည် ရှောင်အပ်သော အစွန်းနှစ်ပါးဖြစ်သည်။ **စာမျက်နှာ ၇ သို့** ❂

> **အကြောင်းကိုမပယ်ဘဲ အကျိုးကိုပယ်နေကြ၍ ဘာထူးမည်နည်း။ ထို့ကြောင့် ဒုက္ခကိုမပယ်ဘဲ သမုဒယကိုသာပယ်ရပေမည်။ တစ်ခါတလေ မကောင်းဘူးဆိုတာသိနေသည်၊ သို့သော် ပယ်လို့က မရ။ ဘာကြောင့်လဲဆိုလျှင် သိသော်လည်း နှစ်သက်၊ တပ်မက်၊ စွဲလမ်းမှုများ အားကြီးနေခြင်း ကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုနှစ်သက်၊ တပ်မက်၊ စွဲလမ်းနေမှုကို ပယ်သတ်နိုင်အောင်ကြိုးစား ရတော့မည်ပေါ့။ သတ်နိုင်မှလည်း ငြိမ်းလိမ့်မည်။ ထိုသို့ လောဘတဏှာခေါ် သမုဒယသစ္စာကို ပယ်သတ်ပြီး ငြိမ်းနိုင်မှသာလျှင် ဒုက္ခအားလုံးချုပ်ငြိမ်းရာကို ရောက်ပါလိမ့်မည်။ သို့မှသာ နိရောဓသစ္စာ အမှန်ဆိုက်ရောက်မည်**

# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်းသုံးကျမ်းအောင်(ကျမ်းပြီး) ၁၁၄၈ ပါး/ဦး၊ နှစ်ကျမ်းအောင် ၁၁၁၄ ပါး/ဦး၊ တစ်ကျမ်းအောင် ၁၂၉၆ ပါး/ဦး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး စုစုပေါင်း ၃၅၇၂ ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်းဖြေဆိုသူ ၁၇၅၆၂ ပါး/ဦးအနက် အောင်မြင်သူ ၃၅၇၂ ပါး/ဦးဖြစ်၍ ၂၀ ဒသမ ၃၃ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ၆ခ-၃၀၂ | ဦးဇနကာလင်္ကာရ ၁၀/သဖရ(သ)၀၀၉၉၂ | ဓမ္မဝိနယရံသီကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၂။ | ဒုတိယ | ၆ခ-၂၂၆ | ဦးဉာဏဝရ ၉/ပသက(သ)၀၀၃၅၈၆ | ဓမ္မထေရိယကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၃။ | တတိယ | ကရ-၁/၁ | ဦးသုနန္ဒာလင်္ကာရ ၂/လကန(သ)၀၀၁၂၈၈ | ပဋ္ဌာနိကာယသာသနာ့ဗိမာန် ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | သီလရှင် ပထမ | ၆က-၁၁၉၃ | မအညေသီ ၉/အမဇ(သီ)၀၁၆၃၆ | အတုလဝတီ(သီ)စာသင်တိုက် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ |

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.Org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၁၀၆ ပါး/ဦးအနက် ၉၂၆ ပါး/ဦး အောင်မြင်၍ ၁၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင်ဖြေဆိုသူ ၇၅၇၆ ပါး/ဦးအနက် ၁၄၆၅ ပါး/ဦး အောင်မြင်၍ ၁၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင်ဖြေဆိုသူ ၁၃၂၃၅ ပါး/ဦးအနက် ၃၈၂၀ ပါး/ဦး အောင်မြင်၍ ၂၉ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင်ဖြေဆိုသူ ၁၉၄၉၇ ပါး/ဦးအနက် ၈၁၃၇ ပါး/ဦး အောင်မြင်၍ ၄၂ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | ဦးကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁ | ဦးကိတ္တိဇဝါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | ဦးဝိသိဋ္ဌဝံသာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ကူး-၈၀ | မဆေကတရာထေရီ | ဖားအောက်တောရ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟမ-၁၈၄ | ရှင်ကောဝိဒ | မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၂၀ | ဦးဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၃ | ဦးသုပညိန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | မုံ-၂၀၉ | မရူပစန္ဒာ | မေတ္တာဂုဏ်ဝေ သီလရှင်စာသင်တိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက-၂၈ | ရှင်နေမိန္ဒ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ကွေး-၃၉ | ဦးဓမ္မပိယ | အောင်မြေရတနာကျောင်းတိုက် မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | ရှင်အာလောက | ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၅၁၆ | မနိမလဉာဏီ | သကျဓီတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၀၃ | ရှင်ဝိသိဋ္ဌ | သာသနာရောင်ခြည်ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | သင်း-၁၁၈ | ရှင်ရေဝတ | ရန်အောင်မင်းကျောင်းတိုက် ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | မဟမ-၁၉ | ဦးဣန္ဒက | မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၆၁၁ | မဘဒ္ဒကာမီ | သကျဓီတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲအောင်စာရင်း အပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www. dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

ဘုရားလိုချင်သည်က အို၊ နာ၊ သေဝဋ်ဒုက္ခမှ လွတ်ကင်းရေးသာ ရည်မှန်းချက်ဖြစ်၍ ရဟန်းအတွက် အကျိုးမရှိသည့် ကာမချမ်းသာကို မလိုက်စားဘဲ ကာမဂုဏ်အစွန်းများကို ရှောင်ရှားရန်လည်းကောင်း၊ ကိုယ်၊ စိတ်ဆင်းရဲအပင်ပန်းခံပြီး အကျိုးမရှိ၊ ဆင်းရဲခြင်းအစွန်းကို ရှောင်ရှားရန်လည်းကောင်း ဟောကြားခဲ့သည်ကို နာယူရပါသည်။ ထိုအစွန်းတရားများအစား အလယ်အလတ်လမ်းစဉ်ဖြစ်သည့် မှန်သောအမြင်၊ မှန်သောအကြံ၊ မှန်သောစကား၊ မှန်သောအပြုအမူ၊ မှန်သောအသက်မွေးခြင်း၊ မှန်သောအားထုတ်ခြင်း၊ မှန်သောသတိ၊ မှန်သောသမာဓိဟူသော အင်္ဂါရှစ်ပါးအကျင့်လမ်းကို ဖော်ထုတ်ပြီး ထိုလမ်းစဉ်အတိုင်း လျှောက်လှမ်းကြရန်သာ မြတ်စွာဘုရားက လမ်းပြပေးတော်မူသည်ကို သတိချပ်ရန်လိုနေပါသည်။ ထိုလမ်းကြောင်းသည်သာ အလယ်အလတ် ကျင့်စဉ်တစ်ခုအဖြစ် ဘုရားရှင်ကိုယ်တိုင် ပညာဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူခဲ့သော မဂ္ဂသစ္စာအမှန်လမ်းဖြစ်နေပါတော့သည်။

အချုပ်အားဖြင့် ကျွန်တော်တို့အားလုံးသည် မိမိတို့ ရုပ်၊ နာမ်ခန္ဓာကြီး၏ဆင်းရဲခြင်းသဘောများဖြစ်သည့် ဇာတိ ပဋိသန္ဓေဒုက္ခ၊ မအိုချင်လည်းအိုရမည်၊ မနာချင်၊ မသေချင်လည်း နာရသေရမည်။ ထိုသဘောများကို မြင်မှသာလျှင် ကောင်းသည့်ဘဝကော၊ မကောင်းသည့်ဘဝတွေကော ထပ်ကာထပ်ကာဖြစ်ခြင်းမှ လွတ်မြောက်မည်ဆိုသော အမှန်တရားများကို သိထားသင့်ပါသည်။ ပယ်သင့်တာပယ်ရပါမည်။ ပယ်နိုင်အောင်လည်း ပွားများကြရမည်။ သို့မှသာ မိမိတို့ ရည်မှန်းသည့် ပန်းတိုင်သို့ ဆိုက်ရောက်ပါလိမ့်မည်။ ပဋိသန္ဓေ၊ အို၊ နာ၊ သေဝဲသြဃမှ လွတ်မြောက်ရာဖြစ်ကြောင်း အမှန်လေးပါးသစ္စာတရားမှ မသိခဲ့၊ မပယ်နိုင်ခဲ့လျှင် ဤဘဝ လူဖြစ်ရတာ တန်မည်မထင်ပါ။ လူဖြစ်သခိုက် ဘုရား၏ တရားတော်များနှင့် ကပ်လွဲနေသေးသမျှအစားထိုးမရသော ဆုံးရှုံးမှုကြီး တစ်ခု ဖြစ်ရပါလိမ့်မည်။

အကြောင်းမှာ ပုထုဇဉ်မည်သည် လိုချင်၊ ရချင်တာမှန်သမျှ လိုချင်ရချင်သည့် ကိလေသာထူပြောတတ်သူများဖြစ်သောကြောင့်ပင်။ အလွန်အကျူးမထူပြောမိရန်နှင့် မပယ်သတ်နိုင်သေးလျှင် သော်မှ တတ်နိုင်သမျှ လျှော့ချရန်နှင့် နည်းနိုင်သမျှနည်းရန် ကြိုးစားသင့်ပါသည်။ မိမိလုပ်တာသည် မြတ်သလား၊ ယုတ်သလား ခွဲခြားတတ်စေရန်နှင့် ကိလေသာများပြီး အကုသိုလ်မပွားမိစေရန်ကို ဤတရားတော်ကြီးက ညွှန်ပြပေးနေသည်ကို လက်လွတ်မခံကြပါနှင့်။

အစွန်းနှစ်ပါးလွတ်ရန်နှင့် အလယ်အလတ်လမ်းမှလျှောက်နိုင်ရန် ပို၍ကြိုးစားကြရပါဦးမည်။ ထို့ကြောင့် အကျိုးထူးလှသော၊ များစွာသော ဓမ္မတရားတော်များနှင့်အတူ နောက်ထပ်တစ်ဖန် ပဋိသန္ဓေ၊ အို၊ နာ၊ သေဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်နှင့် ကိလေသာမှ ငြိမ်းရန်ဖြစ်သည့် မဂ်၊ ဖိုလ်နိဗ္ဗာန်လမ်းကြောင်းကိုသာ ရည်မှန်းသည့် ဤလေးဖြာသစ္စာ မြတ်ဒေသနာကို အဖန်တလဲလဲ နာယူပူဇော်နိုင်ကြပါရန် ဤဆောင်းပါးနှင့်အတူ မျှဝေပူဇော်လိုက်ရပါသည်။

# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား အသိအမှတ်ပြုသည့် ဂုဏ်ယူဖွယ် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိသည့်အနက် ၄၃ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းအနက် ၆၉ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ကျေးလက်ဒေသများသည် ယခုအခါ သိသာစွာ ဖွံ့ဖြိုးတိုးတက်လာသော်လည်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များစွာ ရှိနေသော ကျေးရွာအချို့ ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သက်တံရောင်စီမံကိန်းဖော်ဆောင်၍ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းနှင့် ကုန်ထုတ်လမ်းတံတားများဖောက်လုပ်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစိမ်းရောင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းများဖြင့် ကျေးလက်စီးပွားမြင့်မားရေးဆောင်ရွက်ခြင်း၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် ရပ်ရွာအခြေပြု ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "တို့ကမ္ဘာမြေ တိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့"ဟူသောဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (Centre on Integrated Rural Development for Asia and the Pacific –CIRDAP) ညွှန်ကြားရေးမှူးချုပ်က ပေးပို့သော ဝမ်းမြောက်စကား မှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုလည်းကောင်း ပြသသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေးအတွက် မူဝါဒဦးစားပေးမှုနှင့် ပြည်သူပူးပေါင်းပါဝင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Water Aim မှ Advisor Mr. Shihab Uddin Ahamad က Unlocking the Potential of Regional Cooperation for Rural Transformation in Myanmar: A Pathway to Sustainable Development ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဦးစီးမှူးများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်သူများကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

တောင်သူများ ကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာအုပ်စု ရေအေးကျေးရွာ ကွင်းအမှတ်(၂၀၄၀)၌ ကျင်းပသည်။



ကွင်းသရုပ်ပွဲတွင် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ယခုကဲ့သို့ တောင်သူများကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းမှာ ရေအေးဒေသအတွက် သင့်တော်သည့်မျိုးများကို ရေအေးတောင်သူများအကြိုက် အခြေခံကာ ရွေးချယ်နိုင်စေရန် ရည်ရွယ်ပါကြောင်း၊ ထို့ပြင် ရေအေးဒေသ ရေမြေရာသီဥတုနှင့် ကိုက်ညီသော စိုက်နည်းစနစ်များ ကိုလည်း ဆက်လက် စမ်းသပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တောင်သူများနှင့်အတူ သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်အတွင်း စိုက်ပျိုး စမ်းသပ်ထားသည့် (ကျော်ဇေယျ၊ ရတနာတိုး)၊ (ပြည့်ဝ၊ ရွှေအာဆီယံ)၊ (ရတနာတိုး၊ ကျော်ဇေယျ)၊ (ပြည့်ဝ၊ ဗာစမာတီ)၊ (ပြည့်ဝ၊ ရွှေအာဆီယံ) စပါးမျိုးလိုင်းများထဲမှ စိတ်ကြိုက်ရွေးချယ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ၂၀၂၄–၂၀၂၅ ခုနှစ် နွေစပါး ခုနစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဆင်းရွှေရင်–၁၊ ဆင်းရွှေရင်–၂၊ ဆင်းရွှေရင်–၃၊ YKQR–11၊ YAR–07၊ YAR–14၊ ရေအနည်းလို–၇ မျိုးများ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို တောင်သူကြီးများအား လိုက်လံပြသခဲ့ရာ ဒေသခံတောင်သူများအနေဖြင့် ရေအနည်းလို စပါးမျိုးများအပေါ် အထူးစိတ်ဝင်စားမှု ရှိကြကြောင်း သိရသည်။

ဆက်လက်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ၂၀၂၄–၂၀၂၅ ခုနှစ် နွေစပါး ခေါင်နှံမျိုးသန့်ရွေးချယ်ခြင်း ဧက ၃၀ စိုက်ခင်းကို တောင်သူများအား ပြသကာ အရည်အသွေးကောင်း မျိုးစေ့များ ကိုယ်တိုင်ထုတ်လုပ်နိုင်ရန် ခေါင်နှံမျိုးသန့် ရွေးချယ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ယခုညောင်တုန်းအိုင်၊ ရေအေးစိုက်ကွင်းအား စပါး Export Zone သတ်မှတ်ဆောင်ရွက်နိုင်ရေး၊ Export Zone များ ထူထောင်နိုင်မှသာ ဈေးကွက်ရှိသော မျိုးတစ်မျိုးမှ နှစ်မျိုး ဈေးကွက်အလိုက် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ရေစီမံခန့်ခွဲမှု ခက်ခဲသောနေရာများတွင် ဒေသနှင့်သင့်တော်သော အထွက်ကောင်းမျိုးကို စိုက်ပျိုးကြရန်နှင့် ယခုနှစ်နွေစပါးရာသီတွင် အထွက်အကောင်းဆုံးရရှိသည့် တောင်သူကြီးနှင့် စိုက်ကွက်ကို မှတ်တမ်းတင်လေ့လာရန် လိုအပ်ကြောင်း၊ Export Zone သတ်မှတ်ချက်ပြည့်မီရေး လိုအပ်သည်များ ဖြည့်တင်းရန်နှင့် တပ်ကုန်းမြို့နယ်တွင်း တောင်သူများ ကွန်ရက်ထူထောင်နိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချောင်းဦးမြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာများ သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချ

**ချောင်းဦး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၂ ရက် နံနက်ပိုင်းက တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်ပြီး တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ရရှိလာသော ယူရီးယားဓာတ်မြေဩဇာများကို တောင်သူများအား သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်ဆွေက တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများ ရောင်းချပေးရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်တောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ကထောက်ပံ့သည့် လက်စွဲမျိုးစေ့ချကိရိယာ ၂၀ ကို ထောက်ပံ့ပေးပြီး ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးသည်။

တောင်သူနည်းပညာပေးသင်တန်းသို့ ကျေးရွာ ငါးရွာမှ တောင်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း၊ ချောင်းဦးမြို့နယ်အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၅၀၀ ရရှိပြီး ကျေးရွာ ၂၅ ရွာမှ တောင်သူ ၁၀၀၀ ခန့်အား ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများ သက်သာသည့်နှုန်းထားဖြင့် ဖြန့်ဖြူးပေးခြင်းသည် ၂၀၂၅–၂၀၂၆ စိုက်ပျိုးရာသီ မိုးစပါးနှင့် မိုးချည်မျှင်ရှည်ဝါသီးနှံများ အထွက်နှုန်းတိုးစေရန် ရည်ရွယ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော အားကစားသမားများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဘောလုံးကွင်းသို့ရောက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး U-18 ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရန် ဂိုးတိုင်၊ ဂိုးပိုက်များနှင့် အားကစားသမားအရန်ထိုင်ခုံများ ကောင်းမွန်စေရေး၊ ပွဲကြည့်စင်များ ကောင်းမွန်စေရေး၊ ဘောလုံးကွင်းစိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကိုမှာကြားပြီး တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ Multipurpose Stadium သို့ရောက်ရှိ၍ အားကစားရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော



အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားကာ ထိုင်လျက်ဘော်လီဘောအားကစားသမားများ လေ့ကျင့်ယှဉ်ပြိုင်နေမှုနှင့် ထမင်းစားဆောင်အတွင်း အားကစားသမားများ ကျွေးမွေးရန်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားကွင်းသို့ရောက်ရှိပြီး ဘောလုံးကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ အလံတိုင်၊ ဂိုးတိုင်နှင့် ဂိုးပိုက်များ ကောင်းမွန်စွာတပ်ဆင်ထားရှိရန်၊ ဘောလုံးကွင်းမြက်ခင်းပြင် စိမ်းလန်းစိုပြည်စေရန်၊ ကွင်းပတ်လည်နံရံများ၊ ခြံစည်းရိုးများ၊ ပွဲကြည့်စင်ထိုင်ခုံများ ဆေးသုတ်ရန်၊ ရေနုတ်မြောင်းအဖုံးများ စနစ်တကျထားရှိရန်၊ သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် လုံခြုံရေးသတိရှိရန် မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူးကျင်းပသည့် MNL League Cup 2025 ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့် Yangon United အသင်းနှင့် Shan United အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးရာ ပြိုင်ပွဲအပြီးတွင် Yangon United အသင်းက Shan United အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က ဆုရရှိခဲ့သောပြိုင်ပွဲဝင်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့တွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုများဆောင်ရွက်

ပဲခူး ဇူလိုင် ၆

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ဦးဆောင်လမ်းညွှန်မှုဖြင့် ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ တိုင်းဒေသကြီးအတွင်းရှိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ သွားရောက်ကြည့်ရှုအားပေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပဲခူးဆေးရုံအုပ်ကြီးတို့နှင့်အတူ ခွဲစိတ်ကုသမှုပြုလုပ်ပြီးသည့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် ခွဲစိတ်ကုသမည့် လူနာများအား အားပေးစကားပြောကြားပြီး အဝတ်အထည်များ၊ မုန့်၊ ပဲနို့၊ ကစားစရာအရုပ်များ ပေးအပ်ခဲ့သည့်အပြင် ခွဲစိတ်ကုသပေးသည့် ဆရာဝန်ကြီးနှင့် ပဲခူးဆေးရုံမှ ကျန်းမာရေး ဝန်ထမ်းများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။



ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး ၊ ခံတွင်းနှင့်ပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုသမှုဌာနမှပါမောက္ခ/ဌာနမှူး ဒေါက်တာလှမျိုးနိုင် ဦးဆောင်သော မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် ခွဲစိတ်ကုသမှု ဆေးလက်တွေ့ပါရဂူ သင်တန်းသားများပါဝင်သည့်အဖွဲ့က ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ လူနာ ၄၀ အား လာရောက်ခွဲစိတ်ကုသမှုများပြုလုပ်ပေးခြင်းဖြစ်သည်။

**ဆက်လက်ဆောင်ရွက်**

ဇူလိုင် ၄ ရက်တွင် နှုတ်ခမ်းကွဲလူနာကိုးဦး၊ အာခေါင်ကွဲလူနာ နှစ်ဦး စုစုပေါင်းလူနာ ၁၁ ဦးအား ခွဲစိတ်ကုသပေးခဲ့သည့်အပြင် ဇူလိုင် ၅ ရက်တွင်လည်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၁၁ ဦးအား ခွဲစိတ်ကုသမှု ပြုလုပ်ပေးမည်ဖြစ်ကာ ကျန်ရှိသည့် လူနာများကိုလည်း ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Futsal Champion Cup 2025 ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်




Futsal Champion Cup 2025 ပြိုင်ပွဲဝင်အသင်းများအား မိတ်ဆက်စဉ်။

ရန်ကုန် ဇူလိုင် ၆

Futsal Champion Cup 2025 ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုပွဲကို ဇူလိုင် ၅ ရက်တွင် MFF အစည်းအဝေးခန်းမ၌ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် MFF ဖူဆယ် လိဂ်-၁ နှင့် လိဂ်-၂ ပြိုင်ပွဲဝင်အသင်းများ၊ Mandalar Futsal League နှင့် Amateur Cup ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုမဲခွဲမှုအရ အုပ်စု (A)တွင် VUC အသင်း၊ JZ Yangon အသင်း၊ 7 Dragon အသင်း၊ ပြည့်ကြီးအသင်း၊ အုပ်စု(B)တွင် MIU အသင်း၊ Pacific Sun Far အသင်း၊ 7 Brother အသင်း၊ ULAD အသင်း၊ အုပ်စု(C) တွင် YRG အသင်း၊ United City အသင်း၊ ပြည့်စုံအသင်း၊ ဟံသာဝတီအသင်း၊ အုပ်စု(D)တွင် YCDC MH Dream Team အသင်း၊ SGF အသင်း၊ KKY အသင်း၊ Water King အသင်း၊ အုပ်စု(E) တွင် Winner Generations အသင်း၊ Gold Dream အသင်း၊ Ruby Volcanose အသင်း၊ Kyaung Sayar Tharhtwe အသင်း၊ အုပ်စု(F)တွင် G-UPT အသင်း၊ TG United အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်း၊ တော်ဝင်နန်းအသင်း၊ အုပ်စု(G) တွင် M2K အသင်း၊ ဖူဆယ်ချစ်သူအသင်း၊ Maryar Noka အသင်းနှင့် မလိကြယ်စင်အသင်းတို့ပါဝင်နေသည်။

အုပ်စုပွဲများကို ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ- MFF**

# သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းအား ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနက စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးကို စဉ်ဆက်မပြတ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု မင်းကုန်းကျေးရွာ မင်းကုန်းစိုက်/ထုတ် သမဝါယမအသင်း၏ အသင်းသားဦးရေ ၁၀ ဦး၊ စိုက်ဧက ၂၇ ဧက၊ ထယ်ရေးပြင်ထားသော မိုးစပါးစိုက်ခင်းအား သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည်စိုးက ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ဇူလိုင်မိုးနှင့်အတူ ရွှေပင်ငွေပင်စိုက်ကြစို့

**မောင်စိမ်းလန်း (ပြည်)**

ကျွန်တော်တို့မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးတို့သည် သစ်တောသစ်ပင်ချစ်ခင်သည့် လူမျိုးများဖြစ်ကြပါသည်။ ထို့ကြောင့် ရှေးခေတ်ဘိုးဘွားများသည် ကျွန်ုပ်တို့နှောင်းလူတို့အတွက် သစ်ပင်များ စိုက်ပျိုးခဲ့ကြ၏။ သစ်တောများကိုပြုစု၍ ဥယျာဉ်ခြံကြီးများပြုစုထားခဲ့ကြပါ၏။

**သစ္စာသိုက်များ**

မြန်မာ့ရေမြေသဘာဝကလည်း မြေဩဇာကောင်းမွန်ခြင်း၊ မိုးလေဝသကောင်းမွန်ခြင်းများကြောင့် စိုက်ပျိုးသစ်ပင်များ ဖြစ်ထွန်းကြသကဲ့သို့ တွင်းထွက်သယံဇာတများကလည်း အလွန်ပေါကြွယ်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တွင်းထွက်သယံဇာတများသည် ထုတ်/ကုန်ဆိုဘိသကဲ့သို့ ထုတ်ယူသုံးစွဲမှုများပါက ကုန်ခန်းနိုင်သော သစ္စာသိုက်များဖြစ်ပါသည်။ ၎င်းတို့ကို ထုတ်ယူသည့်အခါ ပတ်ဝန်းကျင်ပျက်စီး၍ သစ်တောပြုန်းတီးခြင်း၊ ဂေဟစနစ်ပျက်စီး၍ မိုးလေဝသမမှန်ခြင်း စသည်များသည် အနာဂတ်ကို အမြဲဒုက္ခပေးတတ်ပါသည်။ လူတို့၏စွမ်းအားဖြင့် ပြန်လည်ပြည့်ဖြိုးစေရန် မတတ်နိုင်သည်မှာ တွင်းထွက်သယံဇာတများဖြစ်သည်။ သယံဇာတများတွင် မြေပေါ်သယံဇာတဟုဆိုရမည်ဖြစ်သော သစ်တောသစ်ပင်များသည်သာ လူတို့၏ စွမ်းဆောင်မှုများဖြင့် အစားထိုးဖြည့်စွက်နိုင်သော သယံဇာတများဖြစ်ကြပါသည်။

သဘာဝကပေးသော သယံဇာတအားလုံးတွင် သစ်တောသစ်ပင်များသည် အရိပ်ကိုလည်းပေး၏။ အစားအစာကိုလည်းပေး၏။ အာဟာရကိုဖွံ့ဖြိုးစေ၏။ ကျန်းမာရေးကို ညီညွတ်စေ၏။ စွမ်းအင်လောင်စာတို့ကိုရရှိစေ၏။ တိရစ္ဆာန်တို့၏ မှီခိုရာနှင့် အစားအစာကို ရရှိစေ၏။ ရေကောင်းရေသန့်ကိုဖြစ်ပေါ်စေ၏။ နားခိုစရာ၊ နေထိုင်စရာတို့ကို ဖန်တီးနိုင်၏။ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်၏။ ဤမျှကျေးဇူးကြီးမားလှပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် သစ်တောသစ်ပင်များကို မိရိုးဖလာအဆက်ဆက် မွေးရာပါတာဝန်ကြီးတစ်ရပ်အဖြစ် ပြုစုပျိုးထောင်ကြရပါမည်။

ဤသို့ဆိုသော် သစ်ပင်များသစ်တောများ ပြုစုပျိုးထောင်ရာတွင် သစ်ပင်များ၏ထိပ်ခေါင် မြန်မာ့ရတနာဖြစ်သော ကျွန်းပင်များကို စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းများဖြင့် မိမိအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း အကျိုးရှိနိုင်သောကြောင့် ယခုလာမည့် စိုက်ပျိုးရေးကာလ ဇူလိုင်လတွင် ကျွန်းပင်များစိုက်ပျိုးကြရန် တိုက်တွန်းနှိုးဆော်လိုပါသည်။

**"ပျိုလေးတို့အိမ်အစွန်း ကျွန်းဆယ့်နှစ်ပင်၊ စောင့်ရှောက်စေချင်၊ မငြိုငြင်ရှင်အောင်ပမွေး၊ မောင်နှင့်မေ ကံဆုံတော့ ကျောင်းတိုင်ဖို့လေး"** (ရှေးစာဆို)စာအရ ရှေးခေတ်အခါက ချစ်သူနှစ်ဦးပေါင်းဖက်ခွင့်ရလျှင် ကျောင်းဆောက်လှူဖို့ ကျောင်းတိုင်အဖြစ် ရည်ရွယ်၍ အိမ်နားက ကျွန်းပင်ဆယ့်နှစ်ပင်ကို ပြုစုဖို့စာစပ်ခဲ့သည်ကို တွေ့ရပါသည်။

မြန်မာ့ကျွန်းသည် ရှေးခေတ်အဆက်ဆက်က တန်ဖိုးထားခဲ့ကြသည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးလက်ထက်ကပင် ကျွန်းပင်များကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သတ်မှတ်ခဲ့၏။ ဘိုးတော်ဘုရားလက်ထက် (၁၈၇၁/၁၈၁၉) တွင် ပြည်ပပို့ကုန်အဖြစ် အရေးပါလာပြီး ကျွန်းသစ်ထုတ်လုပ်မှုအတွက် အခွန်တော်ကောက်ခံခဲ့သည်။ ၎င်းကပင် ဘိုးတော်ဘုရားစံနှုန်းဟုခေါ်သည့် သစ်တိုင်းတာမှုစနစ်ကို အတည်ပြုခဲ့ပါသည်။ နိုင်ငံအတွင်း သုံးစွဲမှုများကိုလည်း အဆင့်အတန်းအလိုက် ကန့်သတ်ခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်းနှင့် ဗိသုကာလက်ရာများ၊ မင်းနှင့်ပတ်သက်သော အဆောက်အအုံများကိုသာ သုံးစွဲခွင့်ပြု၍ လူနေအိမ်များကိုမူ အကန့်အသတ်နှင့်သာ သုံးစွဲခွင့်ပြုကြောင်း သိရသည်။ ထို့ကြောင့် ကျွန်းဆယ့်နှစ်ပင်ကို ကျောင်းတိုင်အတွက် ရည်ရွယ်၍ စပ်ဆိုရေးသားခဲ့သောကဗျာပေါ်ခဲ့ပါသည်။



**ကျွန်းသစ်သည် အရည်အသွေးအမြင့်ဆုံး**

မြန်မာ့ကျွန်းသစ်သည် မူရင်းဒေသ အာရှတိုက်အပူပိုင်းဒေသများမှဖြစ်ပြီး ပညာရှင်များကမူ အိန္ဒိယဟု သတ်မှတ်ကြသော်လည်း မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ ဂျာဗားကျွန်းတို့တွင်လည်း ထွက်ရှိကြပါသည်။ ယခုအခါ တန်ဇန်းနီးယား၊ ဂါနာ၊ ကင်မရွန်း၊ နိုင်ဂျီးရီးယား၊ ဆူဒန်၊ ယူဂန်ဒါနိုင်ငံများတွင် စိုက်ပျိုးထုတ်လုပ်ကြသည်ဟု သိရသည်။ မည်သို့ပင်ဆိုစေ တစ်ကမ္ဘာလုံး၏ ထုတ်လုပ်မှုတွင် မြန်မာ့ကျွန်းသစ်ထုတ်လုပ်မှုမှာ ၇၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်နိုင်ခဲ့သည့်သာဓကများ ရှိခဲ့ဖူးပါသည်။ မြန်မာနိုင်ငံမှ ကျွန်းသစ်ကို အရည်အသွေးအမြင့်ဆုံးဟု သတ်မှတ်ကြသည်။

ကျွန်းသစ်ကို ရုက္ခဗေဒအမည်အားဖြင့် Tectona Grandis ဖြစ်ပြီး မြန်မာနိုင်ငံ၌ ပေါက်ရောက်သောမျိုးစိတ်မှာ Tectona Hamiltoniana မျိုးစိတ်ဖြစ်ပြီး Burma Teak 'မြန်မာ့ကျွန်းသစ်' ဟု ခေါ်ဝေါ်ပါသည်။

မြန်မာ့ကျွန်းသစ်၏ ကောင်းခြင်းလက္ခဏာများမှ ခိုင်ခံ့မှုရှိခြင်း၊ အရောင်အသွေးကောင်းမွန်ခြင်း၊ အကျိုးအကျယ်နည်းပါးခြင်း၊ ကျွန်းသက်ရင့်လာသည်နှင့်အမျှ ကွေးညွတ်မှုခံနိုင်ရည်ရှိခြင်း၊ ရေတွင်ခံနိုင်မှုရှိခြင်း၊ အခြားနိုင်ငံထွက် ကျွန်းသစ်များထက် အရည်အသွေးကောင်းမွန်ခြင်း စသောအချက်များကြောင့် ကမ္ဘာတွင်ဝင့်ကြွားနိုင်ခဲ့ပါသည်။ ထို့ကြောင့် အင်္ဂလိပ်တို့၏ မတော်လောဘဇောဖြင့် မြန်မာနှင့်စစ်ဖြစ်ခဲ့ရသည်။

ကျွန်းသစ်၏ရေဒဏ်ခံနိုင်မှုကြောင့် သင်္ဘောများတည်ဆောက်ရန်အတွက် အလိုအပ်ဆုံးသစ်ဖြစ်ပါသည်။ ပရိဘောဂများအတွက်နှင့် ပန်းပု၊ ပန်းဆွဲ၊ ရုပ်တု စသည့် အနုပညာအတွက်လည်း အရေးပါအရာရောက်သည့် ကျွန်းသစ်ဖြစ်ပါသည်။

**ရွှေနှင့်အတူတန်ဖိုးထိုက်လှသော ကျွန်းသစ်များ**

ထို့ကြောင့် မြန်မာ့ကျွန်းသစ်သည် မြန်မာ့ရွှေများဖြစ်သည်။ တွင်းထွက်သစ္စာများမှာ မည်သို့ပင်ထွက်ရှိစေကာမူ သုံး၍ကုန်သွားပါက အစားထိုးဖြည့်စွက်ရန်မရနိုင်ပေ။ ရွှေနှင့်အတူတန်ဖိုးထိုက်လှသော ကျွန်းသစ်များကို ထုတ်ယူသုံးစွဲခြင်းအတွက် အစားထိုးစိုက်ပျိုးခြင်းဖြင့် ဖြည့်စွက်နိုင်သည်ဖြစ်၍ မြန်မာနိုင်ငံ တစ်နံတစ်လျား တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်ပါသည်။

ရှေးယခင်အစိုးရများလက်ထက်က ကျွန်းသစ်ဆိုလျှင် နိုင်ငံပိုင်ဖြစ်၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းများကို ကြပ်ကြပ်မတ်မတ်တားဆီးကာကွယ်ခဲ့ကြသော်လည်း ယခုအခါ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောဥပဒေ ပုဒ်မ - ၈၊ ပုဒ်မခွဲ (ခ)အရ သစ်တောမြေအတွင်း ခွင့်ပြုချက်ရယူပြီး တည်ထောင်ထားသော ပုဂ္ဂလိကကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊ သစ်တောနယ်မြေပြင်ပတွင် တည်ထောင်ပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကကျွန်းစိုက်ခင်းရှိ ကျွန်းပင်များနှင့် ဒေသခံပြည်သူ၊ အစုအဖွဲ့၊ ကုမ္ပဏီပိုင် သစ်တောလုပ်ငန်းအဖြစ် တည်ထောင်ထားသည့်နယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များကို စိုက်ပျိုးလုပ်ကိုင်သည့် ကုမ္ပဏီ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသို့ ပိုင်ဆိုင်ခွင့်ပြုကြောင်း သိရပါသည်။

မှတ်ပုံတင်ထားသည့် မြေဧရိယာအတွင်း သဘာဝအတိုင်း ပေါက်ရောက်နေသည့် ကျွန်းနှင့် တားမြစ်သစ်ပင်များကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖျက်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် လက်ဝယ်ထားခြင်းမပြုရ။

မှတ်ပုံတင်ထားသည့် မြေဧရိယာအတွင်း မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သီးခြားခွင့်ပြုချက်မရှိဘဲ ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်ယူခြင်းမပြုရ။

မှတ်ပုံတင်ခွင့်ရရှိသူ ကွယ်လွန်လျှင် ၎င်း၏အမွေဆက်ခံခွင့်ရရှိသူက ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆက်လက်မှတ်ပုံတင်ခွင့်ရှိသည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ရာတွင် အရည်အသွေးကောင်းမွန်သည့် စိုက်ခင်းဖြစ်စေရေး၊ စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် မျိုးကောင်းမျိုးသန့်အပင်များမှ ခန္ဓာပိုင်းမျိုးပွားနည်း (Vegetative Propapation) ဖြင့် ထုတ်လုပ်ထားသည့် ပျိုးပင်များကို အတတ်နိုင်ဆုံး အသုံးပြုရမည့်အပြင် ရေရှည်တွင် မျိုးသန့်ဥယျာဉ် (Seed Orchard) တည်ထောင်ရမည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရာတွင် သဘာဝဝန်းကျင် ယိုယွင်းပျက်စီးခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းမရှိစေရေးအတွက် သစ်တောဦးစီးဌာန၏ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာနည်းစနစ်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

နှစ်အလိုက်တည်ထောင်သည့် စိုက်ခင်းမှတ်တမ်းစာအုပ်ထားရှိ၍ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်မှန်ကန်စွာ ဖြည့်စွက်ထားရှိရမည်။ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ အခါအားလျော်စွာ လာရောက်ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များ၊ မှတ်ချက်ပြုခြင်းများ ရှိပါက ယင်းအကြံပြုချက်များ၊ မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

နှစ်အလိုက်တည်ထောင်သည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတွင် ပင်ကျဲနုတ်ခြင်းနှင့် နောက်ဆုံးတောထွက် (Final Yield) ထုတ်လုပ်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာနည်းစနစ်များနှင့်အညီ ဆောင်ရွက်ရမည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်းမှ ပင်ကျဲနုတ်ခြင်းနှင့် နောက်ဆုံးတောထွက်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် တံဆိပ်အမှတ်အသားများ ရိုက်မှတ်ပြီးမှ ခုတ်လှဲခြင်းနှင့် ထုတ်ယူခြင်းပြုရမည်။

**စာမျက်နှာ ၁၁ သို့** ■

**❛မြန်မာ့ကျွန်းသစ်သည် မူရင်းဒေသ အာရှတိုက်အပူပိုင်းဒေသများမှဖြစ်ပြီး ပညာရှင်များကမူ အိန္ဒိယဟု သတ်မှတ်ကြသော်လည်း မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ ဂျာဗားကျွန်းတို့တွင်လည်း ထွက်ရှိကြပါသည်။ ယခုအခါ တန်ဇန်းနီးယား၊ ဂါနာ၊ ကင်မရွန်း၊ နိုင်ဂျီးရီးယား၊ ဆူဒန်၊ ယူဂန်ဒါနိုင်ငံများတွင် စိုက်ပျိုးထုတ်လုပ်ကြသည်ဟု သိရသည်။ မည်သို့ပင်ဆိုစေ တစ်ကမ္ဘာလုံး၏ ထုတ်လုပ်မှုတွင် မြန်မာ့ကျွန်းသစ်ထုတ်လုပ်မှုမှာ ၇၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်နိုင်ခဲ့သည့်သာဓကများ ရှိခဲ့ဖူးပါသည်။ မြန်မာနိုင်ငံမှ ကျွန်းသစ်ကို အရည်အသွေးအမြင့်ဆုံးဟု သတ်မှတ်ကြ❜**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ၂၀၂၅ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ တပျော်တပါး စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ၂၀၂၅ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်၊ သင်္ဃန်းကျွန်းခရိုင်နှင့် လှည်းကူးခရိုင်တို့ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီတော်အတွင်းရှိ ဒဂုံသီရိ ဘေးမဲ့ငါးလွှတ်ကန် ကန်ဘောင်ဘေး၌ ၂၀၂၅ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)၊ ဒေါက်တာတူးတူး (ခရစ်ယာန်ဘာသာ)၊ ဦးအောင်ဇော်ဝင်း(အစ္စလာမ်ဘာသာ)၊ အထွေထွေအတွင်းရေးမှူး ဦးဖွဲ့ရန်နိုင်နှင့် ဗဟိုကော်မတီအတွင်းရေးမှူးများ၊ ဗဟိုအထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဥက္ကဋ္ဌ ဦးဘုန်းမြင့်နှင့် တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်အသီးသီးမှဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ညွှန်ကြားရေးမှူး၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး (ဗဟို) အလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အဖွဲ့ဝင်များက ကံ့ကော်ပင်၊ ခရေပင်နှင့် တည်ကြီးပင် ပျိုးပင်ပေါင်း ၃၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော်ဝင်းအတွင်း၌ မည်စည်ပင်၊ ငါးဆူပင်စသည့်ပျိုးပင်ပေါင်း ၂၀၀ ကို စိုက်ပျိုးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် ဖားအောက်တောရရိပ်သာဝင်းအတွင်း၌ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြင့်နှင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အဖွဲ့ဝင်များက ကံ့ကော်ပင်၊ ခရေပင်၊ သပြေဘူတပင်၊ ပိတောက်ပင်၊ ပျဉ်းကတိုးပင် ပျိုးပင်ပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

လှည်းကူး ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်၊ လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ ဒုတိယကျောင်းအုပ်ကြီး၊ သင်ကြားရေးဆရာ ဆရာမများ၊ ၄ နှစ်သင် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၉၁၉ ဦးတို့က စိန်ပန်းပင်၊ မဟော်ဂနီပင်၊ ပျဉ်းမပင်တို့ကို လှည်းကူး ပညာရေးဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကန်ကြီးထောင့် ဇူလိုင် ၆

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် မြို့နယ်သစ်တော ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကညွတ်ကုန်း ကျေးရွာအုပ်စု ကရင်မြောင်ကြီး ကျေးရွာ၌ ကျင်းပသည်။



မိုးရာသီ သစ်ပင်စိုက်ပျိုးရာတွင် ကျွန်းပင် ၃၀၊ ပျဉ်းကတိုးပင် ၂၀၊ မဟော်ဂနီပင် ၂၀၀နှင့် မန်ကျည်း ရှားပင် ၁၀၅၀ ပျိုးပင်ပေါင်း ၁၃၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မြို့နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးရဲနိုင်လွင်၊ အဖွဲ့ဝင်(၂) ဦးလှမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ကျော်လွင်၊ သစ်တောဦးစီးဌာနမှ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပျိုးပင်များအား ပျော်ရွှင်စွာ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မုံရွာ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အဆင့်ဌာနဆိုင်ရာများ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ စည်သူလမ်း၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လဝကမှူး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပညာရေးမှူးတို့က စိုက်ပျိုးမည့်ပျိုးပင်များအား မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ပြီး သတ်မှတ်နေရာများတွင် ရတနာတန်းဝင် ကျွန်း၊ ပိတောက်ပင် ၃၀ ၊ ခရေပင် ၄၀ နှင့် တမာ၊ ဗာဒံ၊ မည်စည်၊ မာတာကွတ်၊ ဝါး အရိပ်ရအပင် ၂၃၀ ပျိုးပင်ပေါင်း ၃၀၀အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ စာမျက်နှာ ၁၀ မှ

ပုဂ္ဂလိကကျွန်းစိုက်ခင်းတွင် ပင်ကျပ်နုတ်ခြင်းမှ ကြားတောထွက် (Intermediate Yield) အဖြစ် ထုတ်လုပ်ထွက်ရှိသည့် ကျွန်းမျော၊ ကျွန်းတိုင်၊ ကျွန်းသစ်များကို စိုက်ပျိုးလုပ်ကိုင်သူက ရယူခံစားခွင့်ရှိသည်။ သို့သော် ပြည်ပသို့ တင်ပို့ရောင်းချပါက စုစုပေါင်းရရှိသည့် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပေးသွင်းရမည်။

ပြည်မြို့ ရွှာဘဲနယ်မြေ စကားတောင်ရပ်ကွက် သီရိဇေယျာကျောင်းသာသနာ့မြေ (ဦးပိုင်အမှတ်- ၄၂၊ သာသနာ့မြေ (၁၉၈၄-၁၉၈၅) ၁၃၊ မြေနေရာ (ဝ ဒသမ ၆၄၈)ကေတွင် ကျွန်းပင်ပေါင်း ၃၅၀ စိုက်ပျိုးအောင်မြင်နေသည်ကို တွေ့ရပါသည်။

၂၀၁၂ ခုနှစ်တွင် ဆရာတော်ဦးအာလောက ဦးဆောင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်လူငယ်များအကူအညီဖြင့် မြေယာပြုပြင်ခြင်း၊ (၉x၉)ပေ ပန္နက်များရိုက်၍ သတ်မှတ်ကျင်းများတူးခြင်းကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။

### ကျွန်းပျိုးပင်ပေါင်း ၃၆၄ ပင် စိုက်ပျိုးခဲ့

စီမံချက်များတင်၍ ကျွန်းပျိုးပင်များကို သစ်တောဦးစီးဌာနမှ တောင်းခံခဲ့ရာ ကျွန်းပျိုးပင်ပေါင်း ၃၆၄ ပင် စိုက်ပျိုးခဲ့သဖြင့် ယခုအခါ အောင်မြင်နေသည်ကို တွေ့ရှိရပါသည်။ ဤကျွန်းပင်များကို ဘုရားဝေယျာဝစ္စနှင့် သာသနာအတွက် အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤကဲ့သို့ နိုင်ငံတော်က အခွင့်အလမ်းများပေး၍ ထားသည်မှာ စိုက်ပျိုးသူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများအတွက် အခွင့်အလမ်းကောင်းကြီးဖြစ်သလို နိုင်ငံတော်အနေဖြင့်လည်း နောင်းကာလ၌ နိုင်ငံခြားငွေရရှိပြီး တိုင်းပြည်အတွက် အထောက်အကူပြုမည်မှာ မလွဲမသွေဖြစ်ပါသည်။

ထို့ကြောင့် ယခုနှစ် စိုက်ပျိုးရာသီ ဇူလိုင်လ လူထုလှုပ်ရှားမှုအနေဖြင့် ကျေးရွာများ၊ ရပ်ကွက်များနှင့် ခြံကြီးဝင်းကျယ်ရှိသူများအားလုံးတို့သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အကူအညီရယူ၍ တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မအဖြစ် စုပေါင်း၍ မြန်မာ့ကျွန်းရတနာ ရွှေပဒေသာ၊ ငွေပဒေသာပင်များ စိုက်ပျိုးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**အထောက်အထားများ**

၁။ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပြည်ခရိုင်မှ သိသင့်သည့်အချက်များ**

၂။ **ပြည်မြို့ ပွင့်လှသိမ်ကုန်းသာသနာ့နယ်မြေကျွန်းစိုက်ခင်း ထိန်းသိမ်းရေးတာဝန်ခံနှင့် စတင်စိုက်ပျိုးကြသူများ မေးမြန်းချက်**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင် မြတ်စွာဘုရား ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနား ပြုလုပ်



နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်ခြင်းမင်္ဂလာနှင့် အုတ်မြစ်ချခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရအဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက စစ်ကိုင်းတိုင်းဒေသကြီး ရွှေကျင်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာခုဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတိကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက်ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး လေးကျွန်းမာရ်အောင် မြတ်စွာဘုရား ပန္နက်တင်ခြင်းမင်္ဂလာနှင့် အုတ်မြစ်ချခြင်းမင်္ဂလာကို ပြုလုပ်ကြသည်။ ယင်းနောက် ရွှေမိုးငွေမိုးများ ရွာသွန်း၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် Sky Villa ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရှင်းလင်းရန်ကျန်ရှိနေသည့် “ A ” ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှား ရှင်းလင်းရေးလုပ်ငန်းများနှင့် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးကြသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ဆန်ရိက္ခာ တစ်လစာ ထောက်ပံ့ပေးအပ်

သာစည် ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီးသာစည်မြို့နယ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ငလျင်ဒဏ်ခံစားခဲ့ရသည့် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်သော ဆန်ရိက္ခာတစ်လစာပေးအပ်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များက ငလျင်ဘေးသင့် ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ဆန်ရိက္ခာများ ထောက်ပံ့ပေးရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၃ စုရှိ ပြည်သူ ၁၉၄၀ တို့အား တစ်လစာထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်၌ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

မင်္ဂလာဒုံ ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားများနှင့် Biometric စာရင်းကောက်ယူခြင်းတို့ကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လဝကမှူး ဒေါ်ယုယုသွယ် ဦးဆောင်၍ ဝန်ထမ်းများက ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုစာရင်း စိစစ်ဆောင်ရွက်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ Biometric စာရင်းကောက်ယူခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူမောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။



အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက် ၁၆-၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၂) တွင် ဖော်ပြပါရှိသော “မန္တလေးငလျင်ကြီးကြောင့် တိုက်ပိတိုက်ပြားပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်” သတင်းပထမပိုဒ်တွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ ထောက်ပံ့ပေးအပ်သည့်** အစား **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အစီအမံဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုကော်မတီမှ ထောက်ပံ့ပေးအပ်သည့်**ဟူ၍လည်းကောင်း၊ ဒုတိယပိုဒ်တွင် **ရုံးအမှတ်(၂၆)** အစား **ရုံးအမှတ် (၃၆)** ဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စိုက်/မွေး/ဆည်**

❂ **MFF မှ**

ပွဲစဉ် (၁၂) တွင် VUC ULAD အသင်းက ဖူဆယ်ချစ်သူအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ YRG အသင်းက MIU အသင်းကို ငါးဂိုး-တစ်ဂိုး၊ JV အသင်းက Winner Soccer အသင်းကို ခုနစ်ဂိုး-ငါးဂိုး၊ Generations အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ YCDC MHDT အသင်းက Royal Noka အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက FFU မင်းမဟော်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရရှိသည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MFF**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ် နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပါကစ္စတန်နိုင်ငံ တစ်ဝန်းတွင် ရေကြီးရေလျှံမှုဖြစ်ပွား



**အစ္စလာမ်မာဘတ် ဇူလိုင် ၆**

ပါကစ္စတန်နိုင်ငံ တစ်ဝန်းတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး ၇၂ ဦး သေဆုံးပြီး ၁၃၀ ဒဏ်ရာရခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ဇူလိုင် ၆ ရက်က ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်နွှယ်သည့်သဘာဝဘေးများကြောင့် သေဆုံးသူ ခြောက်ဦးနှင့် ဒဏ်ရာရသူ သုံးဦး ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ က အတည်ပြုခဲ့သည်။

၎င်းအာဏာပိုင်အဖွဲ့၏ အဆိုအရ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွါပြည်နယ်မှ သေဆုံးသူဦးရေမှာ အများဆုံးဖြစ်ပြီး ကလေးငယ် ၁၂ ဦးအပါအဝင် ၂၈ ဦး အသက်ဆုံးရှုံးကာ ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လာမည့်ရက်များအတွင်း မိုးပိုများလာနိုင်ကြောင်းနှင့် သဘာဝဘေးကျရောက်သည့် နေရာများတွင် နေထိုင်သူများကို ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ရက်ပေါင်း ၆၀ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်အပေါ် အပြုသဘောဆောင်သည့် သဘောထားရှိကြောင်း ဟားမတ်စ် ပြောကြား

**ဂါဇာစီးတီး ဇူလိုင် ၆**

ဂါဇာကမ်းမြောင်ဒေသ ရက်ပေါင်း ၆၀ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အမေရိကန်၏ အဆိုပြုချက်အပေါ် အခြေခံ၍ အစွန့်ရှေးနှင့်ဆွေးနွေးမှုများ စတင်လုပ်ဆောင်ရန် အပြုသဘောဆောင်သည့် သဘောထားရှိကြောင်း ဟားမတ်စ်က ထုတ်ဖော်ပြောကြားသည်။

ဟားမတ်စ်အဖွဲ့က အမေရိကန်မှ အဆိုပြုထားသော မူဘောင်ကို အကောင်အထည်ဖော်ရန်အတွက် ချက်ချင်း စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် ပြင်ဆင်ထားပြီး ကြားဝင်စေ့စပ်ညှိနှိုင်းသည့်နိုင်ငံများကိုလည်း အပြုသဘောဆောင်သော စိတ်ဓာတ်ဖြင့် တုံ့ပြန်ခဲ့ကြောင်း ၎င်း၏လူမှုမီဒီယာတွင် ရေးသားသည်။

အဆိုပါစေ့စပ်ညှိနှိုင်းခြင်းနှင့် ပတ်သက်ပြီး ဟားမတ်စ်က ပြုပြင်ပြောင်းလဲမှုအချို့ကို တောင်းဆိုခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အမေရိကန်၏ အဆိုပြုချက်တွင် ဟားမတ်စ်အနေဖြင့် အသက်ရှင်နေသော ဓားစာခံ ၁၀ ဦးကို လွှတ်ပေးပြီး အလောင်း ၁၈ လောင်းအား အစ္စရေးသို့ ရက်ပေါင်း ၆၀ အတွင်း အဆင့်ဆင့်ပြန်ပေးရန် တောင်းဆိုထားသည်။ ထို့ပြင် ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲများကို ယင်းကာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း ပါရှိသည်။

အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အခြေအနေများကို အစ္စရေးက လက်ခံထားပြီး ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

သို့သော် ယခုအပစ်အခတ်ရပ်စဲရေးမှ အပြီးတိုက်ပွဲများအဆုံးသတ်သွားရန် အာမခံချက်ပေးရန် လိုအပ်ကြောင်း ဟားမတ်စ်က တောင်းဆိုသည်။

ဇန်နဝါရီလတွင် ဂါဇာဒေသ၌ ယာယီအပစ်အခတ် ရပ်စဲရေး ပြုလုပ်ခဲ့သည်။ သို့သော် စေ့စပ်ညှိနှိုင်းမှု ရပ်တန့်သွားပြီးနောက် မတ်လတွင် တိုက်ပွဲများ ပြန်လည်စတင်ခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ၌ လက်ရှိအချိန်အထိ တိုက်ပွဲများအတွင်း သေဆုံးသူဦးရေမှာ ၅၇၂၆၈ ဦးအထိရှိကြောင်း ဂါဇာရှိ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဒါနတ်ဆိုင်ရာ လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်

**ပေကျင်း ဇူလိုင် ၆**

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဒါနတ်ဆိုင်ရာ လိမ္မော်ရောင်သတိပေးချက်ထုတ်ပြန်ထားပြီး ၎င်းမုန်တိုင်း၏ အကျိုးသက်ရောက်မှုကြောင့် နိုင်ငံတောင်ပိုင်းတွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၅ ကီလိုမီတာဖြင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားနေကြောင်း အမျိုးသားမိုးလေဝသစင်တာက ပြောကြားသည်။ ဇူလိုင် ၇ ရက်မှစတင်၍ ၎င်းတိုင်ဖွန်းမုန်တိုင်းသည် အရှေ့တရုတ်ပင်လယ်၊ ဖူကျန်းပြည်နယ် မြောက်ပိုင်းနှင့် ဇီကျန်းပြည်နယ် အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများသို့ ဝင်ရောက်လာနိုင်ကြောင်း ၎င်းစင်တာက ပြောကြားသည်။ ၎င်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် ဇူလိုင် ၆ ရက် နံနက် ၈ နာရီမှ ဇူလိုင် ၇ ရက် နံနက် ၈ နာရီအထိ တောင်တရုတ်ပင်လယ်ဒေသအချို့၊ တိုင်ပေရေလက်ကြား၊ ဘာရှီရေလက်ကြား၊ အရှေ့တရုတ်ပင်လယ်၏ အစိတ်အပိုင်းအချို့၊ ကွမ်ကျိုး၊ ဖူကျန်း၊ ဇီကျန်းနှင့် တိုင်ပေကျွန်းတို့တွင် လေပြင်းများတိုက်ခတ်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသစင်တာက ပြောကြားသည်။ ထို့ပြင် ဇီကျန်းပြည်နယ် အရှေ့တောင်ပိုင်း၊ ဖူကျန်းပြည်နယ် အရှေ့မြောက်ပိုင်းနှင့် တိုင်ပေကျွန်းတို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ်ကမ်းရိုးတန်းဒေသများတွင်လည်း မုန်တိုင်းကြိုတင်ကာကွယ်သည့်အနေဖြင့် သင်္ဘောများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ ခရီးသွားနေရာများအား ပိတ်ခြင်းနှင့် ရေကြောင်းသွားလာမှုများ ရပ်နားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဂျပန်လေကြောင်းလိုင်းများက Power Bank များကို ခရီးသည်များနှင့် အနီးတွင်သာထားရန် ကန့်သတ်မည်

**တိုကျို ဇူလိုင် ၆**

ဂျပန်လေကြောင်းလိုင်းကုမ္ပဏီများသည် မီးဘေးလုံခြုံရေးအတွက် ခရီးသည်များ၏ Power Bank များကို လေယာဉ်ပေါ်ရှိ ခရီးဆောင်သေတ္တာနေရာတွင် ထားရှိခြင်းမပြုရန်နှင့် ခရီးသည်များနှင့် အနီးတွင်သာထားရှိရန် ကန့်သတ်မည်ဖြစ်ကြောင်း သိရသည်။

လေကြောင်းကုမ္ပဏီများနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့သည် Power Bank များကို လေယာဉ်ပေါ်သို့ ယူဆောင်လိုသော ခရီးသည်များအတွက် မူဝါဒတစ်ရပ်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လျက်ရှိသည်။

Power Bank များကို စမတ်ဖုန်းနှင့် တက်ဘလက်များကဲ့သို့ စက်ပစ္စည်းများအတွက် အသုံးပြုသည်။ ၎င်းတို့တွင် လစ်သီယမ်-အိုင်းယွန်းဘက်ထရီများ ပါဝင်သည့်အတွက် အလွယ်တကူ မီးလောင်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ဇန်နဝါရီလက တောင်ကိုရီးယား ခရီးသည်တင်လေယာဉ်မီးလောင်မှုသည် လေယာဉ်ပေါ်ရှိ ခရီးဆောင်အိတ်ထားရှိသည့်နေရာမှ Power Bank ကြောင့်ဖြစ်နိုင်ကြောင်း တောင်ကိုရီးယားစုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

**အရေးပေါ်ဆင်းသက်နိုင်ခဲ့**

အလားတူ ဧပြီလတွင် ဟိုနိုလူလူဒေသမှထွက်ခွာသော ခရီးသည်တင်လေယာဉ်တွင် Power Bank မှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး အဆိုပါလေယာဉ်သည် တိုကျိုမြို့ ဟာနီဒါလေဆိပ်တွင် အရေးပေါ်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဂျပန်လေကြောင်းလိုင်းများသည် Power Bank များကို ခရီးဆောင်အိတ်ထားရှိရာနေရာတွင် မထားဘဲ ခရီးသည်များ၏ နီးစပ်ရာ လက်ကိုင်အိတ်များတွင် ထားရှိရန် လေယာဉ်ပေါ်မတက်မီ ကြေညာပေးမည်ဖြစ်သည်။ အားသွင်းနေစဉ်တွင် ၎င်းတို့၏ Power Bank အပါအဝင် အခြားသောစက်ပစ္စည်းများကို ၎င်းတို့မြင်တွေ့နိုင်သည့် နေရာတွင်သာ ထားရှိရမည်ဖြစ်ကြောင်း သိရသည်။

Power Bank များကို ခရီးသည်များနှင့်အနီးတွင် ထားရှိပါက မီးလောင်မှုဖြစ်ပွားသည့်တိုင် အမြန်ဆုံးမီးငြိမ်းသတ်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဂျပန်နိုင်ငံ ဒေသအများအပြား၌ အပူချိန်မြင့်တက်

**တိုကျို ဇူလိုင် ၆**

ဂျပန်နိုင်ငံ ဒေသအများအပြား၌ အပူချိန်များမြင့်တက်နေသဖြင့် အပူကြောင့် လေဖြတ်ခြင်းများဖြစ်ပွားလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ဒေသအများအပြား၌ အပူချိန် ၃၅ ဒီဂရီဆဲဆီးယပ်စ်နှင့်အထက် အပူချိန်မြင့်တက်နေသည်။ နာဂိုယာ၊ ကျိုတိုနှင့် ကိုဖူဒေသများတွင် နေ့အပူချိန် ၃၇ ဒီဂရီဆဲဆီးယပ်စ်အထိရောက်ရှိနေပြီး ဟီရိုရှီးမားနှင့် တာကာမတ်ဆုဒေသများတွင် ၃၆ ဒီဂရီဆဲဆီးယပ်စ်နှင့် တိုကျိုအလယ်ပိုင်း၊ အိုကာယာမာနှင့် ဖူကူအိုကာတို့တွင် ၃၅ ဒီဂရီဆဲဆီးယပ်စ်အထိ ရောက်ရှိနေသည်။

တိုကျို၊ ကာနာဂါဝါ၊ ယာမာနာရှိ၊ အီချီ၊ ဝါကာယာမာ၊ ဟီရိုရှီးမား၊ ရှီမာနီ၊ တိုကူရှီမာ စသည့်ဒေသများတွင် အပူချိန်မြင့်တက်မှုကြောင့် လေဖြတ်နိုင်သဖြင့် ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်ထားသည်။ နိုင်ငံသားများအနေဖြင့် လေအေးပေးစက်များအသုံးပြုရန်နှင့် ရေအများအပြားသောက်သုံးရန်လိုအပ်ပြီး နေပူထဲတွင် အလုပ်လုပ်ခြင်းမှရှောင်ကြဉ်ရန် တာဝန်ရှိသူများကပြောကြားသည်။

တိုကျိုရှိ အသက် ၉ နှစ်မှ ၈၉ နှစ်ကြားရှိ ဒေသခံ ၂၈ ဦးကို အပူကြောင့် လေဖြတ်ခြင်းလက္ခဏာများဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၆

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် အမှတ်(၂)ကတ္တရာစက်ရုံ အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၅၆၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၄၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ ရပ်တန့်ထားသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၉၃၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၆မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၅၅၉၇၈၇၄၄ ကျပ်)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၅၁၈၃၁၉၀၆ ကျပ်)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၃၀၆၃၁၂ ကျပ်)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၁၅၁၁၆၉၆၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလားတူ ဇူလိုင် ၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၄ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၅၈၂၆၆၈၉၆၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Ko Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ညောင်လေးပင်မြို့နယ် ညောင်လေးပင်မြို့ မြို့မရပ်ကွက်အမှတ်(၄)နေ ဝေဖြိုးနိုင်(ခ)ကိုဖြိုးအား ည ၈ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၇-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လန်ချုန်း–မဲခေါင် နီးနောဖလှယ်သိမှတ်ဖွယ် (အပိုင်း–၂)
- ၀၉:၁၅ "ဝါသီးနဲ့သီးညှပ်စိုက်ပျိုး ဝင်ငွေနှစ်ဆတိုး"
- ၁၁:၃၀ ကြေးလဲဝေမြိုတမ်းတာသဲ "အလွမ်းတေးတွေနဲ့ လွမ်းဆွေးအောင်ပန်"(ခင်ညွန့်ရီ)(အပိုင်း–၁)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ကိုရီးယား) 'မုသားနောက်ကွယ်' (အပိုင်း–၁၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ "ထာဝရမွန္တလေး" (အပိုင်း၇+၈)(ဒါရိုက်တာ–ငြိမ်းမင်း)
- ၁၅:၃၅ ကျန်းမာရေးပဂ္ဂဇင်း
- ၁၆:၁၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၀၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၅ This Week's Special Interest
- ၁၇:၄၀ 'ဂွက် ဂွက်' ဆီက..အုန်းလက်မှုအနုပညာ
- ၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) 'မုသားနောက်ကွယ်' (အပိုင်း–၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တရုတ်' 'လူစွမ်းကောင်းများခေတ်' (အပိုင်း–၄၃)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 The Golden Triangle
- 07:24 Wushu Kids & Their Limit (Ep-2)
- 07:36 Listening Pleasure, Instrumental Music (Xylophone) Thanthayar Khayee Thae
- 07:48 Myanma MSME with Productivity and Innovation (Bakery)
- 08:01 News
- 08:26 Asia Updates; Living with Tides
- 08:33 A Traditional Food in Bagan: Pone Ye Gyi
- 08:45 Kyaukse Cement Plant
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-1)
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၃၀ တိုင်းရင်းသားသီချင်း၊ အက(ကယား)
- ၀၆:၅၀ ဇာတ်လမ်းတို 'အရင်းအနှီးက နှလုံးသား'
- ၀၇:၁၀ မြန်မာဇာတ်လမ်းတွဲ "ထာဝရမွန္တလေး" (အပိုင်း၅+၆)
- ၀၈:၃၀ မန္တလေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ် "ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ"
- ၁၀:၃၀ မြန်မာ့ရုပ်ရှင်(ဖြူမည်း) 'ချစ်သူငယ်ချင်း'
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ "ထာဝရမွန္တလေး" (အပိုင်း၇+၈)

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) ကယားရိုးရာတူရိယာပြုလုပ်ခြင်း
- ဝကကကရင် (၀၈:၀၀ မှ ၀၉:၀၀) မုန့်ဗိုင်းတောင့် လုပ်စားရအောင်
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) ပန်းတနော်ယဉ်ကျေးမှုဒုံးအက
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ဖွဲကပင်မြေမှ ဖွံ့ဖြိုးတိုးတက်မှုများ(အပိုင်း–၂)
- ချင်း(လိုင်းဇိုး) (၁၁:၀၀ မှ ၁၂:၀၀) ပြည်ထောင်စုရဲ့အလှပန်းတစ်ပွင့် ချင်းရိုးရာ ခွန်ကြွဲပွဲတော်
- ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀) တိုးတက်မြင့်တင်ချင်းတောင်တန်းကစိုက်ပျိုးစီးပွား အသွင်အပြင်
- မွန် (၁၃:၀၀ မှ ၁၅:၀၀) မွန်ဘာသာစကားပြောကြရအောင် (အပိုင်း–၆)
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) မျိုးဂုဏ်တင့်စေယဉ်ကျေးမှုအမွေ (အပိုင်း–၁)
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ထိန်းသိမ်းအစဉ်အလာတို့ခလေ့ရိုးရာ(ရှေးခေတ်ရှမ်း၊ ရှမ်းကြီးတိုင်းနောင်တိုင်းလိုင်း)
- ဝ (၁၉:၀၀ မှ ၂၁:၀၀) 'ဝ' ရိုးရာဝက်သားပဲနပ်ဟင်းရည်
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှဖစီဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၁၅ Football Highlights

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယား လျှာနဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၈၂)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့ စနစ်ကျလယ်မြေ ဖော်ထုတ်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ A Bite of China
- ၁၉:၀၀ License to Farm
- ၂၀:၀၀ ရင်ထဲကရွှေနန်းကျင် (ဇာတ်လမ်း)
- ၂၂:၀၀ Puss in boots (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Ford V Ferrari 2019

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

အယ်ဒီတာ့ထံပေးစာ

## စာသင်ကျောင်းတွေ အနီးအနားမှာ Club, KTV, BAR, ဆေးလိပ်၊ ကွမ်းယာအရောင်းဆိုင်တွေမရှိသင့်၊ ဖွင့်ခွင့်မပြုသင့်

ကျွန်တော်တို့အရင်က မသိခဲ့တာတွေက အခုမိဘနေရာကို ရောက်တော့ ပိုပြီးသိလာရပါတယ် ခင်ဗျာ။ ကျွန်တော်အဖြစ်ချင်ဆုံး အရာက စာသင်ကျောင်းတွေ အနီးအနားမှာ Club, KTV, BAR, ဆေးလိပ်အရောင်းဆိုင်၊ ကွမ်းယာအရောင်းဆိုင်တွေမရှိသင့်၊ ဖွင့်ခွင့်မပြုသင့်ပါ။ ကျောင်းတွေရဲ့အနီးပတ်ဝန်းကျင်မှာ သန့်ရှင်းလတ်ဆတ်တဲ့ အစားအသောက်ဆိုင်တွေပဲရှိစေချင်ပါတယ်။ ကလေးတွေ၊ ကျောင်းသားတွေ အခု မူးယစ်ဆေးဝါး၊ Vape တွေကို သုံးစွဲတာ အတော်ကို များနေပါတယ်။ အခုခေတ်ကလေးတွေရဲ့ အားနည်းချက်က ဆရာ ဆရာမတွေကို ရိုသေမှုအားနည်းလာပြီး မိဘစကားကိုလည်း နားမထောင်တဲ့သားသမီးတွေ ပိုများလာတဲ့ ခေတ်လိုဖြစ်နေပါတယ်။ ပိုက်ဆံရှိအသိုင်းအဝိုင်းက ကလေးတွေဆို အပြင်မှာ မူးယစ်ဆေးဝါးသုံးစွဲနေတာ တွေ့နေရသလို ကလေးအချို့ အသိစိတ်လွတ်နေတာတွေလည်း တွေ့နေရပါတယ်။ ဒီလိုတွေ ဖြစ်နေရတဲ့ အဓိကအကြောင်းရင်းက အထက်မှာ တင်ပြထားသလို ကျောင်းအနီးပတ်ဝန်းကျင်မှာ ကလေးတွေပျက်စီးစေနိုင်တဲ့ အရာတွေရှိနေလို့ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ကျောင်းအနီးပတ်ဝန်းကျင်မှာ အဲ့ဒါမျိုးတွေမရှိဖို့ တာဝန်ရှိသူတွေအနေနဲ့ ဖယ်ရှားပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်ပေးနိုင်ပါရန် စာတည်းမှူးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

ကျောင်းသားမိဘတစ်ဦး

## နည်းပညာဖြင့် ရိုက်ကူးသော ဓာတ်ပုံထက် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝအလှဓာတ်ပုံများကို ပြည်ပဓာတ်ပုံဝါသနာရှင်များ အထူးစိတ်ဝင်စား

ရန်ကုန် ဇူလိုင် ၆

ပြည်ပနိုင်ငံများမှ ဓာတ်ပုံဝါသနာရှင်များသည် နည်းပညာဖြင့်ရိုက်ကူးသော ဓာတ်ပုံအနုပညာထက် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝအလှ ဓာတ်ပုံများကို အထူးစိတ်ဝင်စားလေ့ရှိကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ သိရသည်။

"မြန်မာနိုင်ငံဓာတ်ပုံအသင်းအနေနဲ့ ဓာတ်ပုံပညာဖြင့် ကမ္ဘာကိုကျော်ကြားအံ့ဆိုတဲ့ ဆောင်ပုဒ်ဟာ ယခင်ကတည်းကရှိပါတယ်။ မေလပိုင်းက မြန်မာနိုင်ငံ၊ တောင်အာဖရိကနဲ့ အင်ဒိုနီးရှား သုံးနိုင်ငံက ပြိုင်ပွဲမှာ မြန်မာနိုင်ငံရဲ့သဘာဝအလှဓာတ်ပုံတွေကို FIAP ကို ပို့ထားတာရှိပါတယ်။ အောက်တိုဘာလမှာ တရုတ်နိုင်ငံမှာ ကျင်းပမယ့် ယဉ်ကျေးမှုဆိုင်ရာ ဓာတ်ပုံပြပွဲအတွက်လည်း မြန်မာနိုင်ငံကို ဖိတ်ကြားထားတာရှိပါတယ်။ ကမ္ဘာ့နိုင်ငံများက ဓာတ်ပုံဝါသနာရှင်တွေဟာ ရေအောက်နဲ့လေထဲမှာ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနဲ့ ဓာတ်ပုံရိုက်ကူးတာထက် နိုင်ငံတစ်နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ သဘာဝအလှကို နှစ်ခြိုက်တာကြောင့် ဆုလည်းပေးလေ့ရှိပါတယ်။ ဥပမာအားဖြင့် ပုဂံဒေသရဲ့စေတီပုထိုးအလှနဲ့ သင်္ကြန်ပွဲတော်ပုံတွေကို အထူးစိတ်ဝင်စားကြတာပါ။ မြန်မာနိုင်ငံဓာတ်ပုံအသင်းအနေနဲ့ မြန်မာနိုင်ငံရဲ့သဘာဝအလှ၊ ရှေးဟောင်းယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ကို ကမ္ဘာက ပိုသိစေဖို့ အမြဲကြိုးပမ်းနေပါတယ်"ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြောသည်။



မြန်မာနိုင်ငံဓာတ်ပုံအသင်းသည် နိုင်ငံပေါင်း ၁၀၀ ကျော်ပါဝင်သော FIAP (The International Federation of Photographic Art) အသင်းဝင်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် 1st Myanmar International Photography Salon ပွဲကို FIAP တွင် ကျင်းပနိုင်ခဲ့ကာ နိုင်ငံတကာ ဓာတ်ပုံပြပွဲများနှင့် ပြိုင်ပွဲများတွင်လည်း နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်၍ မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် ဘာဘာဝအလှတို့ကို ထုတ်ဖော်ပြသလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ၏သဘာဝအလှများ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဘဝပုံရိပ်များနှင့် ရိုးရာဓလေ့တို့ကို ရိုက်ကူးပြသလေ့ရှိပြီး နည်းပညာဖြင့် ကုန်ကျစရိတ်မြင့်မားသော ရေအောက်နှင့် ဝေဟင် ဆက်တင်ဓာတ်ပုံကဏ္ဍ ရိုက်ကူးမှုနည်းပါးကြောင်း သိရသည်။

"ကျွန်တော်လည်း ဆလုံတိုင်းရင်းသားတို့ရဲ့ ဘဝဖြတ်သန်းမှုနဲ့နေထိုင်မှုကို ရိုက်ကူးပြီး လေ့လာစုဆောင်းနေဆဲပါ။ လူမျိုးစုတစ်စုရဲ့ အသေးစိတ်ကျလွန်းတဲ့ အခန်းဆက်မှတ်တမ်းဆိုရင်လည်း မမှားပါဘူး။ ရေအောက်ရိုက်ကူးတဲ့ဓာတ်ပုံဆိုရင် နိုင်ငံတကာက စိတ်ဝင်စားမှုတော့ရှိကြမှာပါ။ ဒါပေမယ့် အနုပညာအားထုတ်မှုအပိုင်းမှာဆိုရင် မြေပြင်မှာ ရိုက်ကူးတဲ့ ဆက်တင်အနုပညာကဏ္ဍက နေရာရတာများပါတယ်။ Really ရိုက်ကူးမှုကတော့ စွန့်စားမှုအတွက် ကောင်းပါတယ်။ ကျွန်တော်က ပင်လယ်နဲ့ နီးလို့လားမသိဘူး နှစ်မျိုးလုံးကို သဘောကျပါတယ်" ဟု ကော့သောင်းမြို့မှ ဓာတ်ပုံပညာရှင် ကိုပြည်စိုးထွန်း (ပန်းချီ)က ပြောသည်။

**ဓာတ်ပုံရိုက်ကူးမှုနှင့် အတွေ့အကြုံများကိုမျှဝေခဲ့**

မြန်မာနိုင်ငံဓာတ်ပုံအသင်းကို ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်တွင် Rangoon Photographic Society အမည်ဖြင့် ဓာတ်ပုံဝါသနာရှင်များ စတင်တည်ထောင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းဟု အမည်ပြောင်းခဲ့ကာ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်မြို့ (၃၅)လမ်းအောက်ဘလောက်၌ အသင်းရုံးကို ဖွင့်လှစ်ခဲ့သည်။ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကိုလည်း ကျင်းပခဲ့ပြီး (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် (၅၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံအနုပညာပြပွဲကိုလည်း ယခုနှစ်တွင် ဆူးလေစကွဲယား၌ မတ် ၁၃ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့ကာ ဓာတ်ပုံရိုက်ကူးမှုနှင့် အတွေ့အကြုံများကို မျှဝေခဲ့ကြောင်း သိရသည်။

အောင်သန်းဦး

ဓာတ်ပုံ – ကနူး/Photographer Group

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြသည့် တရုတ်နိုင်ငံသား ၁၇ ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စာရင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့်နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ ညနေပိုင်းတွင် မြဝတီမြို့ရှိ နယ်ခြားစောင့်တပ်(BGF) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကွပ်ကဲရေးရုံးသို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာကြသည့် တရုတ်နိုင်ငံသား ၁၇ ဦး၊ ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် အချက်အလက်များ စာရင်းကောက်ယူနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကို စာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိစေရေးနှင့် လုပ်ငန်းများ စနစ်တကျဖြင့် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၈ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ၂၀၂၅ ခုနှစ် ဇွန်လအတွင်း (၁၆-၆-၂၀၂၅ ရက်နေ့မှ ၃၀-၆-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး\ ပြည်နယ်များရှိသတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td rowspan="3">၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>တောင်ဒဂုံ မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="7">၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံ မြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="4">၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**☆ MNL မှ**

ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယခုပွဲအပြီးတွင် Junior Lions အသင်းက ၁၂ ပွဲကစား ရမှတ် ၂၀၊ သစ္စာအားမာန်အသင်းက ၁၂ ပွဲကစား ၁၉ မှတ် ရရှိထားသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးဇယားအောက်ပိုင်းမှ နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဟံသာဝတီယူနိုက်တက်အသင်းက လေးပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂၆ မိနစ်တွင် အောင်ဇော်ဦး၊ ၇၆ မိနစ်တွင် ခန့်ဇော်သိန်းတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၁ မိနစ်တွင် သော်ဇင်နိုင်က သွင်းယူသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီ ယူနိုက်တက်အသင်းက ၁၂ ပွဲကစား ၁၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရှစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၂) တတိယနေ့ကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ချစ်ကိုကို**
**ဓာတ်ပုံ–MNL**

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီသိမ်းပိုက်ထားသည့် မိုးဗြဲမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ်အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့် လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီးများ အကူအညီဖြင့် တပ်မတော်စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် လွိုင်ကော်မြို့သိမ်းတိုက်ပွဲကို စတင်ဆောင်ရွက်ခဲ့ရာ မြို့လုံခြုံရေးတပ်များ၊ နယ်မြေခံတပ်မတော်စစ်ကြောင်းများဖြင့် အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သလို စစ်ကူစစ်ကြောင်းများကလည်း အချိန်မီရောက်ရှိတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွိုင်ကော်မြို့ အကြမ်းဖက် သောင်းကျန်းသူများ လက်အောက်မကျရောက်စေရေး တပ်မတော် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်၍ တိုက်ပွဲဝင်စဉ် အုပ်ချုပ်မှုဆိုင်ရာများဖြည့်ဆည်းပေးရသည့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းကြောင်းနှင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် လမ်းကြောင်းကိုလည်း အကြမ်းဖက် သောင်းကျန်းသူများက ပိတ်ဆို့ဖြတ်တောက်ခဲ့သည်။

အဆိုပါအခြေအနေတွင် ပထမဦးစွာ တပ်မတော်စစ်ကြောင်းများက ဆီဆိုင်မြို့၌ ပိတ်ဆို့ထားသည့် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရှင်းလင်းခဲ့ရာ မေ ၁၅ ရက်တွင် ဆီဆိုင်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းမှ တစ်ဆင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော် လမ်းကြောင်းကို ၂၀၂၄ ခုနှစ် မေ ၂ ရက်မှစ၍ ရှင်းလင်းခဲ့ရာ မေ ၂၉ ရက်တွင် လမ်းကြောင်း ပြန်လည် ဖွင့်လှစ်နိုင်ခဲ့သလို လွိုင်ကော်မြို့သိမ်းရန် အကြမ်းဖက် သောင်းကျန်းသူများ၏ စိတ်ကူးယဉ် အိပ်မက်ကိုလည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တပ်မတော် စစ်ကြောင်းများက အပြီးတိုင် ရိုက်ချိုးခြင်းဖြင့် လွိုင်ကော်မြို့ တစ်မြို့လုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ဆက်လက်၍ ကျန်ရှိနေသည့် ဆက်သွယ်ရေး လမ်းကြောင်း တစ်ခုဖြစ်သော ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် လမ်းကြောင်း ဖွင့်လှစ်နိုင်ရေး လွိုင်ကော်မြို့မှ ဆုတ်ခွာခဲ့သည့် အဓိကအကြမ်းဖက်အဖွဲ့များပါ ပူးပေါင်း၍ ထိန်းချုပ်ထားသည့် မိုးဗြဲမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ခဲ့သည်။

မိုးဗြဲမြို့၏ နောက်ဆုံးအခြေအနေကို နည်းလမ်းမျိုးစုံဖြင့် သတင်းဖော်ထုတ်ခဲ့ရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် Free Burma Ranger အဖွဲ့ဝင် အချို့ကိုယ်တိုင်ပါဝင်ပြီး လူသားချင်းစာနာထောက်ထားမှု ခေါင်းစဉ်ဖြင့် ဆေးကုသရေးအဖွဲ့များပါ ပူးပေါင်း၍ မိုးဗြဲမြို့နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်




KNPP၊ KNDF အဖွဲ့များ၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် နိုင်ငံခြားသားများ နေရာယူ၍ ပစ်ခတ်ခဲ့သည့် အထပ်မြင့်တိုက် မှတ်တမ်းဓာတ်ပုံ။

ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးရွာသူ ကျေးရွာသားများ အသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ပြီးနောက် ဒေသအချို့ရှိ အင်အားနည်း တပ်မတော်တပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် ဆက်သွယ်ရေး လမ်းကြောင်းပေါ်ရှိ အချက်အချာလမ်းဆုံတစ်ခုဖြစ်သည့် မိုးဗြဲမြို့ တစ်မြို့လုံးကို ထိန်းချုပ်ခြင်းဖြင့် ဆက်သွယ်ရေး လမ်းကြောင်း ဖြတ်တောက်ကာ ဒေသခံ တိုင်းရင်းသားများကို အဓမ္မနှင်ထုတ်ခြင်း၊ အခိုင်အမာခံစစ်ပြုလုပ်တပ်စွဲခြင်းနှင့် နိုင်ငံတော်အစိုးရအုပ်ချုပ်မှုယန္တရား တစ်စိတ်တစ်ပိုင်း ပျက်ပြားစေခြင်းတို့ ဆောင်ရွက်ခဲ့မှုကြောင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်းသားများ၊ မှီခိုကျောင်းသားကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့၊ ရွာများနှင့် ယာယီတိုက်ပွဲရှောင်နေရာများသို့သွားရောက်နေထိုင်ခဲ့ကြောင်း သတင်းဖော်ထုတ်ရခဲ့သည်။ **စာမျက်နှာ ၁၉ သို့** ❍




KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဘာသာရေးနှင့် သာသနာရေးဆိုင်ရာအဆောက်အအုံများကို ခံစစ်ပြုလုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများအား မောင်းထုတ်၍ လူနေအိမ်များ၌ ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။






KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စာသင်ကျောင်းဝင်းအတွင်း ခံစစ်ပြုလုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူနေအိမ်နံရံများကိုဖောက်၍ ဗုံးခိုကျင်းပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။

○ စာမျက်နှာ ၁၈ မှ

သို့ဖြစ်ပါ၍ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် မိုးဗြဲဒေသတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို ၂၀၂၅ ခုနှစ် နှစ်ဦးပိုင်းမှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ မိုးဗြဲမြို့အား ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အဓိကအုပ်ချုပ် ထောက်ပံ့မှုပြုသည့် ဖယ်ခုံ၊ မိုးဗြဲအနောက်ဘက်ခြမ်းနှင့် မိုးဗြဲမြို့၏ အရှေ့ဘက်ခြမ်းတို့အား ထိန်းချုပ်လျက် အဓိကစစ်ကြောင်းများက မြို့၏ မြောက်ဘက်ခြမ်း သစ်ရာကုန်းရပ်ကွက်နှင့် စည်ကား(၂)ရပ်ကွက်တို့မှစ၍ လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူအချို့ ရယူ၍ စနစ်တကျ အဆင့်ဆင့် ခြေကုပ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် ကျန်ရပ်ကွက် ၁၄ ခုကျော်အား ရပ်ကွက်တစ်ခုချင်းအလိုက် အကြမ်းဖက်သမားများ အခိုင်အမာခံစစ်ပြုလုပ်ထားသည့် မြေပေါ်မြေအောက်ဘန်ကာများ၊ အုတ်တံတိုင်းဖောက်၍ ပစ်ပေါက်နေရာများ၊ အထပ်မြင့်အဆောက်အအုံများ အပါအဝင် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဆေးရုံနေရာတို့အား ခက်ခက်ခဲခဲဖြင့် ရင်ကိုမြေကတုတ်ပြုလုပ်၍ စွန့်လွှတ်စွန့်စားစွာဖြင့် အချိန်ယူရှင်းလင်းခဲ့ကြရာ စစ်ဆင်ရေးကာလ ခြောက်လအတွင်း ရန်သူနှင့် တိုက်ပွဲကြီးပေါင်း ၂၁၅ ကြိမ်၊ ထိတွေ့မှုပေါင်း အကြိမ် ၄၀၀ ဖြစ်ပွားခဲ့ပြီး မိုးဗြဲမြို့၏တောင်ဘက်အစွန်ဆုံး မွေတော်ဘုရားရှိရာ မြို့မရပ်ကွက်အား ဇူလိုင် ၅ ရက်တွင် လည်းကောင်း၊ အရှေ့ဘက်အစွန်ဆုံး ရပ်ကွက်ဖြစ်သည့် ညောင်ပိုင်းရပ်ကွက်အား ဇူလိုင် ၆ ရက် ယနေ့ မွန်းလွဲပိုင်းတွင် လည်းကောင်း အကြမ်းဖက် KNPP၊ KNDF နှင့် ၎င်းတို့၏ မဟာမိတ် အကြမ်းဖက်အဖွဲ့ တပ်ပေါင်းစုများအပါအဝင် အဆိုပါ တိုက်ပွဲအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သည့် Free Burma Ranger အဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားခြင်း ခေါင်းစဉ်ဖြင့် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ဆေးကုသရေးအဖွဲ့များအား မြန်မာ့တပ်မတော်မှ အပြီးတိုင် ချေမှုန်းသုတ်သင်လျက် မိုးဗြဲမြို့ တစ်မြို့လုံးအား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ စစ်ဆင်ရေးတစ်ခုလုံးတွင် တိုက်ပွဲကြီးငယ် ၆၁၅ ကြိမ်၊ ရန်သူအလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၆၃ လက် အပါအဝင် အခြားအရေးကြီး စာရွက်စာတမ်းများနှင့် Video File များ သိမ်းဆည်းရမိခဲ့သည်။


လူနေအိမ်အတွင်း ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက် သမားများအနေဖြင့် မိုးဗြဲမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ် အဆောက်အအုံများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေး လမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ထိတွေ့မှုများ ဖြစ်ပွားစဉ်


KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူနေအိမ်ပြင်ပတွင် အိမ်နှင့်တွဲလျက် အိမ်ပျက်စီးစေရေး ခံစစ်ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။


အဆောက်အအုံ အုတ်တံတိုင်းများဖောက်၍ ပစ်ကျင်း/ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။

အတွင်း တပ်မတော်စစ်ကြောင်းများမှ နိုင်ငံတော်နှင့် တပ်မတော်အတွက် စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သူအချို့နှင့် ဒဏ်ရာကြီးငယ်ရခဲ့သူအချို့ ရှိခဲ့ကြောင်းလည်း သိရှိရသည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မိုးဗြဲမြို့နှင့် လွိုင်ကော်မြို့တို့အား ဆက်သွယ်ထားသည့် လမ်းကြောင်းပေါ်ရှိ ရှင်းလင်းရန်ကျန်ရှိနေသည့် ၄ ဒသမ ၅ ကီလိုမီတာ အကွာအဝေးအား အပြီးတိုင်ဆက်လက်ရှင်းလင်းပေးခြင်းဖြင့် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်း ဆက်သွယ်ရေး လမ်းမကြီးအား မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အလားတူ လွိုင်ကော်၊ ဆီဆိုင်လမ်းကြောင်းအား အဆိုပါ အကြမ်းဖက်အဖွဲ့များက ပိတ်ဆို့ဟန့်တား နှောင့်ယှက်မှုကိုလည်း တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည့် အတွက်လည်း လွိုင်ကော်မြို့နေ ဒေသခံတိုင်းရင်းသား အားလုံးနှင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော် ဆက်သွယ်ရေး လမ်းကြောင်း တစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် မိမိတို့၏ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအား လုပ်ကိုင်စားသောက် နေထိုင်ခဲ့ရသကဲ့သို့ ယခုမကြာမီရက်ပိုင်းအတွင်းမှာလည်း လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်း အဓိကဆက်သွယ်ရေး လမ်းကြောင်းတစ်ခုကို ထပ်မံဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူလူထုများအားလုံး ဝမ်းမြောက်ပီတိဖြစ်ပေါ်လျက် မိမိတို့နေအိမ် မိမိတို့ပြန်လည်နေထိုင်နိုင်ကြမည့်အရေး ကြိုတင်မြော်တွေး၍ ပျော်ရွှင်နေကြလျက်ရှိကြောင်းလည်း သိရသည်။

မိုးဗြဲမြို့အပါအဝင် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံနှင့် ပင်လောင်း လမ်းကြောင်းအား အပြီးတိုင် ရှင်းလင်းပြီးပါက မိုးဗြဲမြို့ခံ ရိုးသားသော ဒေသခံပြည်သူများအားလုံး ပြန်လည်နေထိုင်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံး လည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဂျီနီဗာကွန်ဗင်းရှင်းနှင့် အညီ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကိုလည်း တပ်မတော်စစ်မြေပြင် အင်ဂျင်နီယာ အရာရှိ၊ စစ်သည်များဖြင့် ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **သတင်းစဉ်**


လုံခြုံရေးတပ်ဖွဲ့ဝင်များ ဘီလူးချောင်းတံတား(မိုးဗြဲ)အား သိမ်းပိုက်ပြီး မှတ်တမ်းဓာတ်ပုံ။


လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုးဗြဲမြို့ တောင်ဘက်အစွန် မွေတော်ဓာတ်စစ်ဘုရားကြီး ပြန်လည်သိမ်းပိုက်ရရှိမှုနှင့် လက်နက်/ခဲယမ်းများ ရရှိမှု မှတ်တမ်းဓာတ်ပုံ။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ငါးဖမ်းလှေတချို့ လှေသားရှားပါးမှု ကြုံတွေ့နေရ

**မြိတ် ဇူလိုင် ၆**

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာသီ ပြန်လည်ရောက်ရှိလာပြီဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ငါးဖမ်းလှေတချို့မှာ လှေသားရှားပါးမှု ကြုံတွေ့နေရကြောင်း သိရသည်။

မြန်မာ့ ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်ပြီး ငါးဖမ်းလှေတချို့မှာ ပင်လယ်ပြင်ကို စတင်ထွက်ခွာနေသော်လည်း တချို့မှာရေလုပ်သားအခက်အခဲရှိခြင်း၊ ရာသီဥတုအခြေအနေ စောင့်ကြည့်နေခြင်းများကြောင့် လုပ်ငန်းခွင်မဝင်နိုင်သေးကြောင်း သိရသည်။

"ဇူလိုင် ၁ ရက်ဆိုရင် ငါးဖမ်းရာသီစတင်ပါပြီ။ ကမ်းဝေးငါးဖမ်းလှေတွေထဲက ဝါလတ်(တရွတ်ဆွဲ)တွေက စတင်ထွက်ခွာပါပြီ။ အဓိကအခက်အခဲက ငါးဖမ်းလှေလုပ်သားရှားပါးတဲ့ အခက်အခဲဖြစ်နေပါတယ်။ တချို့လှေတွေက လှေပြင်ဆင်တဲ့ လှေထောင့်တွေကနေ မဆင်းရသေးဘူး။ လှေထောင့်တွေမှာလည်း လုပ်သားရှားပါးလာနေတဲ့အတွက် နှောင့်နှေးမှုတွေဖြစ်နေတယ်။ ကျွန်တော့်အထင် ၆၀ ရာခိုင်နှုန်းလောက်ပဲ ထွက်နိုင်ဦးမယ်။ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းက လုပ်သားရှားပါးမှု၊ လှေထောင့်မှာ ပြင်ဆင်မှု မပြီးသေးတာရယ်၊ ရာသီဥတုအခြေအနေ စောင့်ကြည့်တာတွေရယ်ကြောင့် ဖြစ်နိုင်တယ်" ဟု ဝါလတ်ငါးဖမ်းလှေ ကိုယ်စားလှယ်များက ပြောသည်။

ဇူလိုင်လရောက်သော်လည်း ရာသီဥတုအခြေအနေမှာ မိုးရာသီဖြစ်နေသည့်အတွက် ဝါတန်းနှင့် ကင်းမွန်မီးထွန်းလှေများ ထွက်နိုင်မည်မဟုတ်ဘဲ စက်တင်ဘာလ အကုန်ပိုင်းမှ လုပ်ငန်းခွင်ဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ငါးသားပေါက်ရာသီကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သုံးလသတ်မှတ်ထားပြီး ငါးမဖမ်းရရာသီ(Closed Season) နှင့် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းလှေများ အားလုံးကို ငါးမဖမ်းဆီးရဧရိယာ (Closed Area) အဖြစ် သတ်မှတ်ထားခဲ့ကြောင်း သိရသည်။



ယခုဇူလိုင်လတွင် ငါးဖမ်းလှေအားလုံး ရာနှုန်းပြည့် ငါးဖမ်းခွင့်ပြုထားသော်လည်း တချို့တစ်ဝက်သာ ပင်လယ်ပြင်အတွင်းသို့ လုပ်ငန်းခွင် ဝင်နိုင်သေးကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ပြင်အတွင်း၌ ကမ်းဝေးငါးဖမ်းလှေကြီး အစင်းရေ ၁၅၀၀ ခန့် လိုင်စင်ပြုလုပ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 4


**Unit 1 People around us**

**Lesson 2 Is he cheerful?**

**I. Fill in the blanks with the missing letters. The first letter is given to help you.**

1. Thin Zar has many f__________. She is very friendly.
2. She is a c__________ girl. She can solve the sum.
3. He works h__________ and studies every day. He is hardworking.
4. Lin Aung is a c__________ boy. He is always happy.
5. Sander Hnin does not talk much. She is very q__________.
6. Win Win Maw helped an old woman this morning. She is h__________.
7. The moon shines at n__________.
8. The cow gives us m__________.
9. I need to brush my t__________.
10. The train goes very f__________.
11. We should go on f__________ .
12. My favourite c__________ is blue.
13. He likes to draw p__________.
14. I am very thirsty. Give me a glass of __________.
15. How o__________ are you?

**II A. Look at the pictures and choose the correct words.**




1. John is **(tall/short)** and **(slim/plump)**.
   He has short **(black/brown)** hair.
   He has **(curly/ straight)** hair.
2. Anna is **(tall/short)** and **(slim/plump)**.
   She has **(long/short)** hair.
   She has **(black/grey)** hair.
3. Susan is **(tall/short)** and **(slim/plump)**.
   She has **(long/ short)** hair.
   She has **(straight/curly)** hair.
4. James is **(tall/short)** and **(slim/plump)**.
   He has short **(black/brown)** hair.
   He has **(dark/ brown)** eyes.

II. **B.** Unscramble the letters.

1. herelufc =
2. reniyfld =
3. cien =
4. velecr =
5. ueqit =
6. arhd-orwkgin =

**Answers**

**Unit 1 People around us**

**Lesson 2 Is he cheerful?**

**I.** 1. friends 2. clever 3. hard 4. cheerful 5. quiet 6. helpful 7. night 8. milk 9. teeth 10. fast 11. foot 12. colour 13. pictures 14. water 15. old

**II. A.**1. John is tall and slim.
He has short black hair.
He has curly hair.
2. Anna is short and plump.
She has long hair.
She has black hair.
3. Susan is tall and slim.
She has long hair.
She has straight hair.
4. James is tall and plump.
He has short black hair.
He has dark eyes.

**II. B.** 1. cheerful 2. friendly 3. nice 4. clever 5. quiet 6. hard-working

*********************

## Grade 5

**Unit 2 Time and seasons**

**Lesson 1: Time**

**Section (B) Reading**

**II. (A) Look at the picture and write True or False to answer the given words. (5 marks)**

(1)  It is five past 4. (1) ________________

(2)  It is 10 to six. (2) ________________

(3)  I have breakfast at half past eight. (3) ________________

(4)  What time is it? It is a quarter to 9. (4) ________________

(5)  I leave for school at 9 o'clock. (5) ________________

**(B) Read the following dialogue and fill in the blanks with the suitable words given below. (10 marks)**

**Exercise (1)**

| | | | | |
|---|---|---|---|---|
| after | do | at | Then | up |
| same | get | time | eat | and |

**Nanda:** Hi, Aye Aye! What time ___(1)___ you wake up?
**Aye Aye:** I wake ___(2)___ at 6:00 every morning.
**Nanda:** That's early! I wake up ___(3)___ 6:30.
**Aye Aye:** What do you do ___(4)___ you wake up?
**Nanda:** I brush my teeth ___(5)___ take a shower.
**Aye Aye:** Me too! ___(6)___ I eat breakfast at 7:00.
**Nanda:** I ___(7)___ breakfast at 7:15.
**Aye Aye:** What ___(8)___ do you go to school?
**Nanda:** I go to school at 7:45.
**Aye Aye:** Same here!
**Nanda:** What time do you ___(9)___ home?
**Aye Aye:** I get home at 4:00 in the afternoon.
**Nanda:** That's the ___(10)___ as me!

**(C)Read the passage and answer the questions. (10 marks)**

Every school day, I wake up at 6:00 in the morning. I make my bed and brush my teeth. Then I take a quick shower to feel fresh. After that, I get dressed in my school uniform. I go to the kitchen and eat breakfast with my family. I usually eat rice and eggs or sometimes toast and jam. At 6:45, I check my school bag to make sure I have everything. I leave home at 7:00 and walk to the bus stop. The school bus comes at 7:15. On the bus, I sit with my best friend and we talk about our homework. We reach school at 7:45. I go to my classroom and greet my teacher. Then I sit down and get ready for the first lesson. My school day begins at 8:00.

**(1) What time do you wake up?**
**(2) What do you eat for breakfast?**
**(3) When do you leave home?**
**(4) Who do you sit with on the bus?**
**(5) Where do you go when you reach school?**

**Section (C) Writing**

**III.(A) Fill in the blanks with a suitable word form.(5 marks)**

(1) (listen) She is a good _________ and always pays attention.
(2) (teach) My __________ is kind and helpful.
(3) (usual) We __________ play football after school.
(4) (day) She writes in her diary __________.
(5) (activity) The school planned many _______for Sports Day.

**(B) Supply the correct form of the verb given the brackets. (5 marks)**

(1) (go) Mother ____________ to market every morning.
(2) (get) He __________ up at 6:00 every morning.
(3) (have) What did you ____________ for your breakfast?
(4) (leave) Can I ____________ a message now?
(5) (take) He can't come here. He __________a bath right now.
(6) (watch) We usually __________ TV after dinner.
(7) (study) I always ____________ my lessons after school.
(8) (leave) What time do you usually __________ for school?
(9) (do) I ___________ my homework last night.
(10) (read) My father ____________ the newspaper every morning.

**Answers**

**Unit 2 Time and seasons**

**Lesson 1: Time**

**Section (B) Reading**

II.(A) 1. False 2. False 3. False 4. False 5. False

(B) Exercise (1) 1. do 2. up 3. at 4. after 5. and 6. Then 7. eat 8. time 9. get 10. same

Exercise (2) 1. weekend 2. great 3. with 4. went 5. on 6. watched 7. her 8. enjoy 9. had 10. weekends

**(C) Read the passage (1)** 1. I wake up at 6:00 in the morning. 2. I usually eat rice and eggs or toast and jam. 3. I leave home at 7:00. 4. I sit with my best friend. 5. I go to my classroom and greet my teacher.

**Section (C)**

III. (A) 1. listener 2. teacher 3. usually 4. daily 5. activities

(B) 1. goes 2. gets 3. have 4. leave 5. is taking 6. watch 7. study 8. leave 9. did 10. reads

**********************

## Grade 6

**Unit 1**

**Lesson 2: Greetings from postcards**

**Speaking**

**(A) Complete the conversation with the expressions given in the box. There are two extra expressions.**

**(a) that's right, (b) fine (c) Where are you from (d) Hi (e) I'm (f) Goodbye (g) How do you do**

**Student A:** Hello, (1)_____ Min Min. 1. __________
**Student B:** (2)_______! My name's Kaung Kaung. Are you a new student? 2. __________
**Student A:** Yes, (3)_________. 3. __________
**Student B:** (4)_______, Min Min? 4. __________
**Student A:** I am from Bago. Oh, I have to go now (5)_______! 5. __________
**Student B:** Bye!

**Vocabulary**

**(A) Complete each sentence with the most suitable word. The first letter of each word is given to help you.**

1. Aung Ye Ko is wearing a heavy b________.
2. He likes eating seafood—crabs and p______.
3. Piper took the children to a c______ in a mountain to hide them
4. A c_______ is a sea animal with a hard shell, eight legs and two pincers.
5. The king and his queen lived a beautiful p_______ for many years.
6. Hundreds of s_______ followed the ship crossing the river.
7. The beach lovers were picking up s______ on the sandy seashore.
8. A w______ is a place where a stream or a river falls from a high place.
9. We were taking a rest in the b_______ all afternoon.
10. The weather is fine. It is sunny and b________.

**(B)Complete the following words given below into the correct sentences.**

| | | | |
|---|---|---|---|
| seafood | backpack | bungalow | waterfall |
| palace | village | seashells | seagull |

1. A ___________ is like a big, tall fountain where water falls down from high up.
2. Bo Bo carries his books to school in his ___________.
3. Most of the children love collecting _________on the beach.
4. Dad cooks delicious ________dinners with crab and lobster.
5. We visited a beautiful ______with golden gates and tall towers.

စာမျက်နှာ ၂၂ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 7

### Unit 1

### Lesson 2 : Life as an artiste

(ယခင်တစ်ပတ်မှအဆက်)

**IV. Read the passage (1)**

**Alinga Kyaw Swa Shwe Man Tin Maung**

A A typical Myanmar Zat Pwe is a classical dance drama. It usually begins with the candlelight dance, followed by different types of dance, Myanmar opera, and slapstick **comedy.** This is followed by the classical dance-drama, which presents one of the jataka tales (the 550 stories of Lord Buddha's earlier lives). It imparts moral lessons.

B One of the greatest **artistes** of Myanmar is Alinga Kyaw Swa Shwe Man Tin Maung. Mg Tin Maung was born to U Pya and Daw May in 1918 in Mandalay. He had nine **siblings** and he was the youngest. Since **childhood,** Mg Tin Maung had been **passionate** about singing and dancing. His first step towards Zat Pwe was dancing at a puppet show when he was very young. Later, he learnt the performing arts from Mya Chay Gyin Ma Ngwe Myaing for three years. He founded Shwe Man Thabin in 1933, and became a famous artiste, known as Shwe Man Tin Maung.

**(A) Find the bold-faced words in the passage that use similar in meaning to the following definitions.**

(1) the state or period of being a child (1) __________

(2) a brother or sister; someone who shares at least one parent with you (2) __________

(3) having strong emotions or intense feelings about something (3) __________

(4) a skilled and talented performer in the arts (4) __________

(5) a professional entertainment consisting of jokes and sketches (5) __________

**(B) Answer the following questions in complete sentences.**

(6) What is a typical Myanmar Zat Pwe?

(7) What does Myanmar Zat Pwe start with?

(8) What follows the candlelight dance?

(9) What does the classical dance-drama present?

(10) What are the jataka tales?

(11) What kinds of lessons do the jataka tales give?

(12) Who were Mg Tin Maung's parents?

(13) When and where was Mg Tin Maung born?

(14) How many siblings did Mg Tin Maung have? What was his number?

(15) Since when had Mg Tin Maung been passionate about singing and dancing?

(16) What was his first step towards Zat Pwe?

(17) Who taught the performing arts to him?

(18) How long did Mg Tin Maung learn from Mya Chay Gyin Ma Ngwe Myaing?

(19) When did he found Shwe Man Thabin?

(20) When did Mg Tin Maung become a famous artiste?

*********************

## Grade 8

### Unit 1

### Lesson 2 : Learning starts at home

(ယခင်တစ်ပတ်မှအဆက်)

**Read the passage.**

I believe that doing some activities together as a whole family brings some benefits to our children such as developing a sense of responsibility and unity, developing life skills, etc. This week, I am going to share some of the routine activities of my family.

In my family, we have dinner together every day. Having meals together, I can remind my children to eat a variety of food. Thus, they become aware of the importance of having a balanced diet. They can also learn table manners occasionally. Every Saturday, we spend time together at home, and we share the household chores like cleaning the windows, sweeping the floor and doing the dishes. In this way, my children become more responsible and cooperative. On Sundays, we usually engage in outdoor activities like jogging or cycling in the park, and sometimes we do indoor activities, especially when it rains. As a result, my children enjoy doing physical exercise and later realise its value.

My family has settled into these regular routines. I don't think it is difficult for your family to get into these routines. I hope you will find them beneficial to your family. Why don't you try them out?

**(A) Write the correct word or words to complete each sentence.**

1. (benefit) Eating a variety of food is __________ for children's health.
2. (cooperate) The children are becoming more __________ by sharing household chores.
3. (fit) Outdoor activities help improve children's physical __________.
4. (clean) The family spends time together on Saturdays to do household __________.
5. (responsibility) Children should learn to be __________ and help with household chores.

**(B) Answer the following questions.**

1. What are some benefits of doing activities together as a family?
2. Why does the parent remind the children to eat a variety of food?
3. What do the children occasionally learn while having meals together?
4. What household chores do the family members share on Saturdays?
5. How do the children become more responsible and cooperative?
6. Where does the family go for outdoor activities?
7. What activities does the family do when it rains on Sundays?
8. What do the children enjoy as a result of engaging in outdoor activities?
9. Why does the writer suggest other families try these routines?

**Writing**

**(A) Reorder the words to make meaningful sentences.**

1. day / every / together / have / we / dinner /.
2. chores / household / share / we / the / every / day /.
3. children / my / exercise / physical / doing / enjoy /.
4. family / your / you / what / do / do / with /together /?
5. often / how / do / ride / bike / a / week / a /?

**(B)** Write a short paragraph on **"Your family routines"**, based on the questions given below. Add any other points you wish to say.

- What you do together with your family
- When and where you do it / them
- how often you do it/ them
- what benefits you get from doing it / them
- Add anything you wish to say

*********************

## Grade 9

### Unit 1

### Lesson 2 : How's everything with you?

(ယခင်တစ်ပတ်မှအဆက်)

**IV. Supply the correct form of the verbs given in bracket.**

1. (address) The teacher __________ the students before starting the today's lesson.
2. (shake) They _________ hands to show mutual respect.
3. (hug) She _________ her mother tightly before leaving.
4. (introduce) Let me __________ you to my colleague.
5. (gather) The students __________ in the hall for the assembly this morning.
6. (greet) The receptionist __________ us with a smile when we reached the hotel.
7. (communicate) We ____________ with our team through emails and calls.
8. (respond) They __________ to the invitation immediately.
9. (use) They __________ solar energy in their new house.
10. (call) I __________ the office three times today.
11. (express) He _________ his opinion during the meeting tomorrow.
12. (earn) He _________ money by working online.

**V.**

**(1) Read the passage**

**Greetings**

A greeting is a way of being friendly or polite to someone. It is also a way of opening up a channel of **communication** – a way of starting a **conversation**. In many different **cultures**, when people meet each other, they exchange greetings such as "Hello", "Good morning", and "How are you?". In many languages, a question is used as a greeting: "How are you?", "How's it going?", "How's everything with you?", etc. But such questions are not regarded as real questions. In **response** to these questions, you do not need to give a full answer or even a true one. In English, for instance, the commonest greeting is a question about a person's health: "How are you?" People respond to this question with a fixed expression such as "I'm fine, thanks." Or "I'm very well, thanks." We do not expect them to talk about their **headache** or their backache, even though they have one.

**(A) Find the bold-faced words in the passage that use similar in meaning to the following definitions.**

(1) the characteristics and knowledge of a particular group of people (1) __________

(2) a continuous pain in the head (2) __________

(3) a reaction to something (3) __________

(4) exchanging of information by speaking, writing, or using some other medium. (4) __________

(5) a talk between two or more people, in which news and ideas are exchanged. (5) __________

**(B) Answer the following questions in complete sentences.**

(6) What is a greeting?

(7) How can we open up a channel of communication?

(8) How do people in different cultures exchange greetings?

(9) What are some examples of questions used as greetings in many languages?

(10) Why is it not necessary to give a full or true answer when responding to these greeting-like questions?

(11) What is a common greeting in English that asks about a person's health?

(12) How do people usually answer when someone asks, "How are you?" in English?

*********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် မြန်အောင်ခရိုင်စုပေါင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ပုသိမ် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် စုပေါင်းရုံး RCC သုံးထပ်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကိုယမန်နေ့နံနက်ပိုင်းက မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ အဆိုပါ စုပေါင်းရုံးအဆောက် အအုံရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြန်အောင်ခရိုင်စုပေါင်းရုံး RCC သုံးထပ် အဆောက်အအုံသစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ မြန်အောင် ခရိုင်စုပေါင်းရုံး ရုံးခန်းများဖွဲ့စည်းထားရှိမှုနှင့် မြန်အောင် ခရိုင်အတွင်း သုံးနှစ်တာကာလ ဆောင်ရွက်မှုမှတ်တမ်း များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ သည် မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စုရှိ တောင်သူစိုက်ဧက လေးဧကတွင် မိုးစပါးပန်းတိုင် အထွက်နှုန်းရောက်ရှိရေး ဆာဖိုးသာမျိုး ပျိုးထောင် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးပြီး တောင်သူများ နှင့်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ရှိ ကြီးပွားရေးစာကြည့်တိုက်သို့ သွားရောက်၍ MRTV DTH စလောင်းတစ်စုံနှင့် ချီးမြှင့်ငွေများပေးအပ် လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ သည် အင်္ဂပူမြို့နယ်အားကစားခန်းမ၌ ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူ များအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်ရိက္ခာနှင့်ဆီ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား သို့ တက်ရောက်ပြီး နေရပ်စွန့်ခွာပြည်သူများအတွက် ဆန်ရိက္ခာနှင့် ဆီများ၊ ကျောင်းသား ကျောင်းသူများ အတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ သည်။



တိုင်းဒေသကြီး(ပြန်/ဆက်)



## ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းဆောင်ရွက်

**ကျောက်တန်း ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ပြေစာအမှတ် တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေး ကြေညာချက်ဗီနိုင်းချိတ်ဆွဲခြင်းကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောရွှေကျော် နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲ ရေးဦးစီးဌာနတို့ပူးပေါင်းပြီး “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ”ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ် အခြေခံပညာကျောင်းများသို့ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး

**အုတ်တွင်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၄ ရက်နံနက်ပိုင်းက အမက(မူလွန်) မဲကုန်း နှင့် မွန်းလွဲပိုင်းက အမက(မူလွန်) အုန်းပင်ကျောင်းများသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး အကြောင်းအရာများအား ဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။ ကလေးများအား ကိုယ်ကာယဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုများရရှိစေရန် ရည်ရွယ်ကာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်၍ ကလေးငယ်များအား ရုပ်ပုံစာအုပ်၊ စက္ကူပြဇာတ်၊ ဘုတ်ပြားပြဇာတ်များဖြင့် ပုံပြင်ပြောပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ဝေါမြို့၌ ဘိုးဘွားများအား အာဟာရဒါနကုသိုလ်ပြုလုပ်



**ဝေါ ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ (၁၀၃)ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါမြို့ ဘိုးဘွားရိပ်သာ တွင် ဘိုးဘွားများအား အာဟာရဒါနပြုလုပ်ခြင်းကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင် နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုအမှုဆောင်နှင့် ဝန်ထမ်း များ၊ ဈေးသမအမှုဆောင်နှင့်ဝန်ထမ်းများက စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ သမဝါယမအသင်းသားများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲ ကျင်းပ



**ကျိုက်မရော ဇူလိုင် ၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် အတ္တရံအားမာန် ငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသား အသင်းသူ များအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၄ ရက် နံနက် ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရှိ ရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျိုက်မရောမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီခိုင်က အဖွင့်အမှာစကားပြောကြားပြီး အတ္တရံအားမာန် အသင်းစုဥက္ကဋ္ဌက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။ ယင်းနောက် မြို့နယ်သမဝါယမဦးစီးမှူးနှင့် တာဝန်ရှိသူ များက အခြေခံသမဝါယမအသင်းသား အသင်းသူများအား ထောက်ပံ့ငွေ နှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## Green Gold ကောက်ဖီသမဝါယမအသင်းမှ ကော်ဖီများ တင်ပို့ရောင်းချ

**တောင်ကြီး ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာ နှစ်အတွင်း ပြည်ပပို့ကုန်အဖြစ် ကော်ဖီအဆန်စိမ်းများကို ဘယ်လ်ဂျီယံ နိုင်ငံသို့ ယနေ့အထိ စုစုပေါင်းတန်ချိန် ၆၈ ဒသမ ၁၆ တန်အား ပြည်ပ ပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့်ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

# မိုက်ခရိုပရိုဆက်ဆာတို့ တိုးတက်ပြောင်းလဲလာခြင်း


**နီဇော်သစ်**

ဆက်သွယ်ရေးနည်းပညာအပြင် တတိယမြောက် စက်မှုတော်လှန်ရေးကို ပံ့ပိုးပေးခဲ့သလို စတုတ္ထမြောက် စက်မှုတော်လှန်ရေးအထိ လိုက်လံတွန်းအားပေးနေသည့် နည်းပညာနောက်တစ်ခုမှာ မိုက်ခရိုပရိုဆက်ဆာနည်းပညာဖြစ်သည်။ ယနေ့ခေတ် လုပ်ငန်းသဘောအရ ဆိုလျှင် မိုက်ခရိုပရိုဆက်ဆာနှင့်ပတ်သက်သည့် အလုပ်များသည် အိုင်တီဟု အတိုကောက်ခေါ်သော သတင်းနည်းပညာ အဝန်းအဝိုင်းထဲတွင် ရှိနေသည်။ သို့သော် အထွေထွေသုံး နည်းပညာတစ်ရပ်အနေဖြင့်မူ မိုက်ခရိုပရိုဆက်ဆာနည်းပညာကို သတင်းနည်းပညာအောက်မှ ခွဲထုတ်ကြည့်မှသာ ပိုပြီး ရှင်းရှင်းလင်းလင်း မြင်နိုင်မည်ဖြစ်သည်။

ရှေ့မှ အထွေထွေသုံးနည်းပညာများနှင့် ယှဉ်ကြည့်လျှင် မိုက်ခရိုပရိုဆက်ဆာကို လောင်ကျွမ်းအားသုံးအင်ဂျင်အဖြစ်၊ သတင်းနည်းပညာကို မော်တော်ကားများ၊ ကားလမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ မီးပွိုင့်များ၊ ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များပါဝင်သော စနစ်ကြီးတစ်ခုအဖြစ်မြင်နိုင်သည်။ ကွာခြားသည်မှာ အဆိုပါစနစ်များသည် သီးခြားနည်းပညာတစ်ခုအဖြစ် ပေါ်ထွက်လာခြင်းမျိုးမရှိဘဲ သတင်းနည်းပညာကတော့ အထွေထွေသုံးနည်းပညာတစ်ခုအဖြစ် သီးခြားပေါ်ထွက်လာခြင်းဖြစ်သည်။ နောက်ဆုံး အဆိုပါမော်တော်ကားနှင့် ပတ်သက်သည့် စနစ်များအားလုံးသည် သတင်းနည်းပညာအောက်တွင် စနစ်တစ်ခုအဖြစ် ပေါင်းစည်းလာနေပြီဖြစ်သည်။

နောက်တစ်မျိုးကြည့်လျှင် မိုက်ခရိုပရိုဆက်ဆာများနှင့် သတင်းနည်းပညာကို သတင်းခေတ်ကြီး၏ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲများအဖြစ် လည်းမြင်နိုင်သည်။ သတင်းနည်းပညာသည် ပိုမိုကြီးမားကျယ်ပြန့်သည့် စနစ်ကြီးတစ်ခုဖြစ်သော်လည်း မိုက်ခရိုပရိုဆက်ဆာ အခြေခံအုတ်မြစ်မရှိလျှင် ဖြစ်တည်လာနိုင်မည်မဟုတ်ပေ။ ဤမျှလောက်ဆိုလျှင် မိုက်ခရိုပရိုဆက်ဆာများကို သတင်းနည်းပညာအောက်တွင် မထားဘဲ သီးခြားအထွေထွေသုံးနည်းပညာအဖြစ် ဘာကြောင့် သတ်မှတ်ရသလဲဆိုသည်ကို ရှင်းလင်းလောက်ပါပြီ။ တစ်ဖက်တွင် ဘာသာရပ်အသုံးနှင့် ကွဲပြားရန် ရှင်းရပါဦးမည်။ အီလက်ထရွန်နစ်ဘာသာရပ် လိုက်စားသူများအနေဖြင့် ဒစ်ဂျစ်တယ်အီလက်ထရွန်နစ်ဘာသာခွဲအောက်တွင် မိုက်ခရိုပရိုဆက်ဆာနှင့် မိုက်ခရိုကွန်ထရိုလာဆိုသည့် ခေါင်းစဉ်နှစ်ရပ် ကွဲပြားသည်ကို တွေ့ကြမည်ဖြစ်သည်။ တစ်ခုက ကွန်ပျူတာကိုဦးတည်ပြီး တစ်ခုက ကွန်ထရိုလာအမျိုးမျိုးကို ဦးတည်သည်။

ဤနေရာတွင်မူ မိုက်ခရိုပရိုဆက်ဆာဟုဆိုသော်လည်း မိုက်ခရိုကွန်ထရိုလာများပါ ပါဝင်ပါသည်။ ထို့ကြောင့် ပရိုဆက်ဆာနှင့် ကွန်ထရိုလာကို အလဲအလှယ်လုပ်၍ သုံးနှုန်းသွားမည်ဖြစ်ပါသည်။ မိုက်ခရိုပရိုဆက်ဆာများ၏ အထွေထွေသုံးနည်းပညာအဖြစ် အကျိုးသက်ရောက်မှုများကို မတင်ပြမီ ယခုဆောင်းပါးတွင် မိုက်ခရိုပရိုဆက်ဆာ ဆင့်ကဲတိုးတက်လာသည့် သမိုင်းကြောင်းကို အကျဉ်းမျှ ဖော်ပြပါမည်။




၁၉၄၀ ပြည့်လွန်နှစ်များမှာ မိုက်ခရိုပရိုဆက်ဆာများ၏ သမိုင်းကြိုခေတ်ဟု ဆိုနိုင်သည်။ ထိုခေတ်က တစ်ပိုင်း လျှပ်ကူးပစ္စည်းများ မပေါ်သေးသောကြောင့် ဒိုင်အုတ်များ၊ ထရန်စစ္စတာများနေရာတွင် လေထုတ်ထားသည့် မီးသီးများကို သုံးခဲ့ရသော်လည်း ယနေ့ခေတ် ကွန်ပျူတာတို့၏ ပထမဆုံးမျိုးဆက် ဘိုးဘေးတို့ကို ဖန်တီးနေပြီဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင်မှ ဘဲလ်ဓာတ်ခွဲခန်းက တစ်ပိုင်းလျှပ်ကူး ထရန်စစ္စတာကို တီထွင်လိုက်ပြီး မီးသီးကြီးများနှင့် ရီလေးကြီးများ၏ ခေတ်ကို အဆုံးသတ်စေခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်မူ ပထမဆုံး အိုင်စီ (အင်တီဂရိတ်တစ်ဆားကစ်) ပေါ်ထွက်လာပြီး မိုက်ခရိုပရိုဆက်ဆာဖြစ်လာမည့်လမ်းကြောင်းပေါ် စရောက်လာပြီဖြစ်သည်။

ထိုအကြောင်းများကို ရှေ့က ပေါင်းကူးနည်းပညာတစ်ခုဖြစ်သည့် ကျုံ့နိုင်သမျှကျုံ့အောင်လုပ်သည့် နည်းပညာတွင် ထည့်သွင်းဖော်ပြထားပြီးသားဖြစ်သည်။ ထိုနည်းပညာနှင့် မိုက်ခရိုပရိုဆက်ဆာတို့မှာ လမ်းကြောင်းတစ်ခုတည်းပေါ်တွင် လျှောက်လှမ်းခဲ့ကြသည်။ မိုက်ခရိုပရိုဆက်ဆာတို့သည် ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့် နည်းပညာ၏ လက်ရာအမြောက်ဆုံးရလဒ်တစ်ခုဟု ဆိုနိုင်သည်။

၁၉၇၇ ခုနှစ်တွင်မူ အင်တဲလ်ကပင် ၈၀၄၈ အမျိုးအစား ထုတ်လုပ်သည်။ ယင်းမှာမူ မိုက်ခရိုကွန်ထရိုလာဖြစ်သည်။ တက္ကဆက်အင်စထရူးမင်း၏ မိုက်ခရိုကွန်ထရိုလာ တီအမ်အက် ၁၀၀၀ လည်း ထိုနှစ်မှာပင်ထွက်လာသည်။ အရုပ်များနှင့် အိမ်သုံးပစ္စည်းများတွင် ကွန်ထရိုလာကို စတင်အသုံးပြုလာကြသည်။ မိုက်ခရိုကွန်ထရိုလာယူနစ်၊ အတိုကောက်အားဖြင့် အမ်စီယူဟုခေါ်သည့် ချစ်ပ်များ၏ အစဖြစ်သည်။

အက်ပဲလ်-၂ မှာ အောင်မြင်သော်လည်း ၁၉၈၀ ပြည့်နှစ်ထုတ် အက်ပဲလ်-၃ မှာ ကျရှုံးခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အင်တဲလ်၏ ၈၀၈၈ ဖြင့် ပထမဆုံး အိုင်ဘီအမ် ကွန်ပျူတာထွက်လာသည်။ ထိုနှစ်မှာပင် အက်ပဲလ်၏ ဝန်ထမ်းတစ်ဦးဖြစ်သော ဂျက်ဖ်ရက်စကင်က လူတိုင်းသုံးနိုင်လောက်အောင် ဈေးသက်သာသော ကွန်ပျူတာထုတ်လုပ်နိုင်ရန် ပရောဂျက်တစ်ခုစတင်ခဲ့ပြီး သူအကြိုက်ဆုံး ပန်းသီးအမျိုးအစားဖြစ်သည့် မက်ကင်းတော့ရှ်ဟု အမည်ပေးခဲ့သည်။ နောက်ပိုင်းတွင် ထိုပရောဂျက်ကို ကမ္ဘာကျော်စတိဗ်ဂျော့က လက်လွှဲယူခဲ့သည်။

၁၉၈၃ ခုနှစ်တွင် အက်ပဲလ်၏ လီဆာ ကွန်ပျူတာထွက်လာပြီး ကွန်ပျူတာသမိုင်းကို တစ်ဆစ်ချိုးပြောင်းလဲဖို့ စတင်လိုက်သည်။ လီဆာတွင် မောက်စ်နည်းပညာပါဝင်လာပြီး ဖန်သားပြင်မှာလည်း ကျွန်တော်တို့ ဂွီ(GUI)ဟု ခေါ်သည့် ဂရပ်ဖစ်ဖြင့်သုံးနိုင်လာ၊ မောက်စ်ဖြင့်နှိပ်ပြီး ရွှေ့နိုင်ဖွင့်နိုင်လာသည်။ ၁၉၈၄ ခုနှစ်တွင် မော်တော်ရိုလာ၏ ၆၈၀၀၀ ချစ်ပ်ဖြင့် ပထမဆုံး အက်ပဲလ်မက်ကင်းတော့ရှ် ကွန်ပျူတာ ထွက်လာခဲ့သည်။ ဂရပ်ဖစ် မျက်နှာပြင်သုံးထားသည့် ကွန်ပျူတာများထဲတွင် ဈေးကွက်ကို ကြီးကြီးမားမားဖောက်ခဲ့သည့် ပထမဆုံးကွန်ပျူတာဖြစ်သည်။

ထိုနှစ်မှာပင် အင်တဲလ်က ၈၀၅၁ မိုက်ခရိုကွန်ထရိုလာကို ထုတ်လုပ်သည်။ ကွန်ထရိုလာလောကတွင် အိတ်ဇီးရိုးဖိုက်ဝမ်းမှာ နာမည်ကျော်သည်။ နောက်ပိုင်း အဆင့်ဆင့်မြှင့်တင်ပြီး နာမည်များ ပြောင်းသွားသည့်တိုင် ထိုချစ်ပ်များကို အိတ်ဇီးရိုးဖိုက်ဝမ်းဟုပင် ဆက်ခေါ်ခဲ့ကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကျောင်း၌ အိတ်ဇီးရိုးဖိုက်ဝမ်းဖြင့် ပရောဂျက်တစ်ခုလုပ်ဖူးသည်။ ၂၀၀၄ ခုနှစ်ဝန်းကျင်ဖြစ်သည်။ ထိုအချိန်၌ အိတ်နိုင်းအက်စ်ဖိုက်ဝမ်း မျိုးဆက်ရောက်နေပြီဖြစ်သော်လည်း အိတ်ဇီးရိုးဖိုက်ဝမ်းဟုသာ အလွယ်ခေါ်ခဲ့ကြသည်ကို သတိရမိသည်။ နောက်ပိုင်းတွင် ပီအိုင်စီ မိုက်ခရိုကွန်ထရိုလာများကို ဆက်မယှဉ်နိုင်ခဲ့ပေ။

၁၉၈၅ ခုနှစ်မှာပင် ကိုမိုဒိုးဆိုသည့် ကုမ္ပဏီက အမီဂါကွန်ပျူတာများကို ထုတ်လုပ်ရာ ဈေးကွက်တွင် ရောင်းအားကောင်းခဲ့သည်။ ဂရပ်ဖစ် အလွန်ကောင်း၍ဖြစ်သည်။ ကောင်းရခြင်းမှာ ဂရပ်ဖစ်အတွက် စီပီယူကို ပံ့ပိုးပေးမည့် ချစ်ပ်များထည့်သွင်းခဲ့၍ပင်။ ထိုစဉ်က ဂျီပီယူဆိုသည့် အသုံးအနှုန်းမရှိသေး၍ ဂျီပီယူတို့၏ ပထမဆုံးခြေလှမ်းဟု ဆိုနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အင်္ဂါဂြိုဟ်တွင် အဆောက်အအုံဆောက်မည့်နည်းပညာ ဖော်ထုတ်

အင်္ဂါဂြိုဟ်ကို ကိုလိုနီပြုမည့် စိတ်ကူးနှင့်အတူ တစ်ပါတည်းပါလာသည့် စိန်ခေါ်မှုများထဲမှ တစ်ခုမှာ အင်္ဂါဂြိုဟ်ပေါ်တွင် လူနေထိုင်နိုင်မည့် အဆောက်အအုံများ ဆောက်လုပ်ရန်ဖြစ်သည်။ အာကာသယာဉ်ပေါ်၌ ဆောက်လုပ်ရေးပစ္စည်းများ တင်သွားရန်ဆိုသည်မှာ ဖြစ်နိုင်သည့်ကိစ္စမျိုးမဟုတ်ပေ။ အင်္ဂါဂြိုဟ်ပေါ်တွင် ပေါပေါများများ ရနိုင်မည့်အရာများဖြင့် အဆောက်အအုံ ဆောက်လုပ်နိုင်ရေးမှာ အင်္ဂါဂြိုဟ်ကို ကိုလိုနီပြုမည့် လူသားတို့အတွက် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်။



ယခုအချိန်တွင်မူ တက္ကဆက် အေအင်န်အမ်တက္ကသိုလ်မှ ဒေါက်တာ ကွန်ဂရူဝီ ဂရေ့စ်ဂျင်က အလားအလာရှိသည့် ဖြေရှင်းချက်တစ်ခုကို ဖော်ထုတ်ပေးလာခဲ့သည်။ ဇီဝထုတ်လုပ်မှုနည်းပညာဖြင့် မှိုအတုတစ်မျိုးထုတ်လုပ်ပြီး ထိုမှိုဖြင့် အင်္ဂါဂြိုဟ်ပေါ်မှ ဖုန်များ၊ သဲများ၊ ကျောက်များကိုရောကာ အဆောက်အအုံဆောက်လုပ်မည့် နည်းလမ်းဖြစ်သည်။

"ကျွန်မတို့အနေနဲ့ သဘာဝမှိုတွေကို တုပပြီးတော့ အသိုက်အဝန်းအတုတစ်ခု တည်ဆောက်နိုင်ပါတယ်။ အခု ကျွန်မတို့ မှိုတစ်မျိုးကို အတုလုပ်ကြည့်ထားပြီးပါပြီ။ အဲဒီမှိုက အင်္ဂါဂြိုဟ်ပေါ်က အမှုန့်တွေကို ကပ်သွားအောင် လုပ်ပေးနိုင်မယ့် ဇီဝပစ္စည်းတစ်မျိုးကို ထုတ်လုပ်ပေးနိုင်ပါတယ်။ အဲဒီလို စေးကပ်သွားအောင်လုပ်ပြီးရင်တော့ သရီးဒီပရင့်တင်းနည်းပညာနဲ့ အဆောက်အအုံတွေ၊ အိမ်တွေ၊ ပရိဘောဂတွေ တည်ဆောက်နိုင်ပါလိမ့်မယ်"ဟု ဒေါက်တာဂျင်က ဆိုသည်။

အခြားသော သိပ္ပံပညာရှင်များကလည်း အင်္ဂါဂြိုဟ်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်နိုင်မည့် နည်းလမ်းများကို အပြိုင်အဆိုင် ရှာဖွေလျက်ရှိကြရာ အင်္ဂါဂြိုဟ်တွင် ပေါများသည့် မဂ္ဂနီဆီယမ်၊ ဆာလဖာတို့နှင့် ဘူမိပေါ်လီမာ ဒြပ်ပေါင်း တည်ဆောက်သည့် နည်းလမ်းများလည်း ပါဝင်သည်။ သို့သော် ထိုနည်းလမ်းတို့မှာ လူအား အများအပြားသုံးရန် လိုအပ်သဖြင့် အဆင်မပြေလှပေ။

အင်္ဂါဂြိုဟ်ပေါ်တွင် ထိုသို့ သက်ရှိ အသိုက်အဝန်းတစ်ခု တည်ဆောက်ရန် ဗက်တီးရီးယားများကိုလည်း သုံးနိုင်သည်။ သို့သော် ဗက်တီးရီးယားများအတွက် ပြင်ပအာဟာရ ဖြည့်ပေးရန် လိုအပ်ချက်မှာ စိန်ခေါ်မှုဖြစ်လာသည်။ ယခု ဂျင်တို့အဖွဲ့က မှိုကိုအသုံးပြုရာတွင် အဆိုပါမှိုတို့သည် နေရောင်ခြည်ကိုသုံးပြီး လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်တို့ကို အောက်ဆီဂျင်နှင့် အာဟာရတို့အဖြစ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ ပြင်ပအာဟာရ ဖြည့်တင်းပေးစရာ မလိုတော့ပေ။

ထိုမှိုများသည် သတ္တုအိုင်းယွန်းများကို ဆဲလ်နံရံအဖြစ် တည်ဆောက်လိုက်ပြီးနောက် ဗက်တီးရီးယားများ မွေးဖွားနိုင်သည့် နေရာတစ်ခုကို ဖန်တီးမည်ဖြစ်သည်။ ထို့နောက် သတ္တုဓာတ်၊ ရေနှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ ဖြည့်ဆည်းပေးလိုက်လျှင် ဗက်တီးရီးယားများ ပေါက်ပွားလာမည်ဖြစ်သည်။ ထိုဗက်တီးရီးယားများက အင်္ဂါဂြိုဟ်ပေါ်မှ ဖုန်မှုန့်များကို စေးကပ်အောင် လုပ်ပေးကြလိမ့်မည်။

ထိုဇီဝစနစ်ဖန်တီးမှုတွင် လေ၊ အလင်း၊ အင်ဩဂဲနစ်အရည်တို့သာ ပါဝင်ပြီး လူအားမပါဝင်ပေ။ ထို့ကြောင့် ဂျင်တို့ တွေ့ရှိခဲ့သည့် ယခုနည်းလမ်းသည် အလားအလာအကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်လာခဲ့သည်။


**Ref: scitechdaily.com**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်




မဲခေါင်စာပေဆုရ နေမင်းသန်း ရေးသားသည့် သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်စာအုပ် ထွက်ရှိလာသည်။


အဆိုပါစာအုပ်တွင် အပိုင်း (၂)ပိုင်းခွဲ၍ ဖော်ပြထားသည်။ ပထမပိုင်းမှာ ဂေါတမဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဝင်အကျဉ်းနှင့် ဒုတိယပိုင်းမှာ သိမှတ်ဖွယ်ရာ ဗုဒ္ဓဘာသာဖြစ်သည်။

ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်ရန်အတွက် အခြေခံလိုအပ်ချက်မှာ ဗုဒ္ဓဖြစ်တော်စဉ်၊ ဗုဒ္ဓဝင်ကို ထဲထဲဝင်ဝင် လေ့လာသိရှိရန်ဖြစ်သည်။ ဗုဒ္ဓဝင်ကို လေ့လာဖတ်ရှုခြင်းအားဖြင့် မြတ်ဗုဒ္ဓ၏ ထူးခြားသော ဝိသေသများ၊ အံ့ဖွယ်စွမ်းဆောင်ချက်များ၊ လောကသားတို့အတွက် ကြိုးပမ်းအားထုတ်မှုများ စသည်တို့ကို ပိုမိုသိရှိနားလည်ပြီး မြတ်ဘုရားအား ကြည်ညိုအားထား သဒ္ဓါပွားကာ ကိုးစားယုံကြည်လာမည်ဖြစ်သည်။ အဆိုပါစာအုပ်ကိုဖတ်ရှုမှ ဗုဒ္ဓအကြောင်းသိမှ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်မည်ဆိုသော စကား၏ မှန်ကန်မှုကို လက်တွေ့သိရှိလာမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အများစုသည် သုတ္တန်ကျမ်းများနှင့်အညီ အသေးစိတ်ကျယ်ပြန့်စွာ ရေးသားထားသော စာအုပ်များကို လေ့လာဖတ်ရှုရန် အလှမ်းကွာဝေးခက်ခဲနေချိန်တွင် ဗုဒ္ဓအကြောင်းကို ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ဗုဒ္ဓဘာသာဝင်များ လွယ်ကူစွာ ဖတ်ရှုနိုင်ရန်အတွက် မဲခေါင်စာပေဆုရ နေမင်းသန်းက ရေးသားထားသည်။

စာအုပ်ကို ချင်းတွင်းဂုဏ်ရည်စာပေ ဖုန်း ၀၉၂၂၂၈၂၄၇၊ အမှတ် (၁၂)၊ လမ်း (၂၀)၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## မူဆယ်မဂ္ဂဇင်း အထူးထုတ် (၂၀၂၅)




၂၀၂၅ ခုနှစ် မူဆယ်မဂ္ဂဇင်း (အထူးထုတ်) ထွက်ရှိလာသည်။

အဆိုပါ မဂ္ဂဇင်းတွင် ကဗျာစာရိပ်မြုံ၊ ကာတွန်း၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ဒေသန္တရ၊ ဆောင်းပါး၊ ဝတ္ထုတို၊ တစ်ကွက်ဟာသများ၊ သုတပဒေသာ၊ စာပေရေးရာတို့ ပါဝင်သည်။

ယဉ်ကျေးသော လူ့ပတ်ဝန်းကျင်ဖြစ်တည်လာရေးအတွက် စာပေ၊ ဂီတ အစရှိသည့် အနုသုခုမ ပညာရပ်များ၏စွမ်းပကားသည် အလွန်အရေးပါသည်။ ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရားကို ဦးထိပ်ထား၍ ယဉ်ကျေးသိမ်မွေ့သောနှလုံးသားဖြင့် တည်ဆောက်ထားသည့် လူ့အသိုက်အမြုံသာလျှင် နှလုံးစိတ်ချမ်းမြေ့စရာ ပဋိရူပဒေသဖြစ်သည်။ မူဆယ်ခရိုင် မူဆယ်မြို့နယ် တိုင်းရင်းသားပြည်သူများသည် နှလုံးသားကို သိမ်မွေ့နူးညံ့စေရန်နှင့် အသိဉာဏ် ပညာတံခါးကို ဖွင့်ပေးနိုင်သည့် သုတရသစာပေ မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

မူဆယ်မဂ္ဂဇင်း အထူးထုတ် (၂၀၂၅)တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဥယျောဇဉ်၊ မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ၏ မုဒိတာစကား၊ စာတည်းအဖွဲ့၏ ကျေးဇူးတင်လွှာ၊ ဒေသခံဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ၊ မူဆယ်ဒေသ လူထုအကျိုးပြု လုပ်ငန်းဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်း၊ လူမှုထူးချွန်ကဏ္ဍနှင့် မူဆယ်ခရိုင် မူဆယ်မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဗဟုသုတများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်သည်။ စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း ၀၉ ၇၉၈၁၈၉၁၄၈၊ အမှတ် (၂၈-က)၊ အနော်မာ (၃)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ထုတ်ဝေသည်။

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိ ရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆုဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာကိုနီသွေး (မန်းမြို့) ၏ "အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ဝတ္ထုတို ၁၅ ပုဒ် ပါဝင်သည်။ မိဘနှင့်သားသမီး ဆက်ဆံရေး၊ ဆရာနှင့် တပည့်ဆက်ဆံရေးနှင့် ညီအစ်ကိုမောင်နှမ အချင်းချင်း ဆက်ဆံရေးတွင် မေတ္တာအခြေခံသော နားလည်စာနာမှုရှိခြင်းက အထူးအရေးကြီးလှကြောင်း ဖော်ကျူးထားသော ဝတ္ထုများ ပါဝင်သည်။ "မှန်ပြတောင်" တောင်ခြေရှိ တဲကျောင်းလေးနှင့် ဂူတစ်လုံးရှိရာသို့ ၁၀ ရက်ကြာသွားရောက် တရားအားထုတ်သော သခင်ကို သူ၏ခွေးကြီးကျားမောင်က ဂူပေါက်ဝတွင်စောင့်၍ အန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပုံဝတ္ထုက စိတ်ဝင်စားဖွယ်ကောင်းသည်။ မုဆိုးများ သားကောင်ရှာသည့်အခါ ပြိုင်ဘက်မုဆိုးရှိလာလျှင် ရှောင်ပေးရသော မုဆိုးစည်းကမ်းရှိကြောင်း ရေးဖွဲ့ထားသည့် ဝတ္ထုကလည်း တစ်မူထူးခြားသည်။ မည်သူမဆို အသက်အရွယ်ကြီးရင့်လာလျှင် မိမိဇာတိရွာကိုသာပြန်၍ ခေါင်းချလိုသော လူ့သဘာဝရေးဖွဲ့မှုကလည်း ပီပြင်သည်။ အရက်သမားများ အရက်မူးလာလျှင် ပြုမူတတ်သော အမူအကျင့်ကို ဟာသနှော၍ ရေးဖွဲ့ထားပြီး ခဲဖိုးကိစ္စဖြင့် နှစ်ဖက်မိဘအသိုင်းအဝိုင်းက မကျေမလည်ငြင်းခုံနေစဉ် သတို့သားနှင့် သတို့သမီးတို့က အိမ်မှတိတ်တဆိတ်ထွက်ပြေးသွားကြပုံ ဝတ္ထုကလည်း ရယ်မောရသည်။ စာရေးသူသည် သူ့ဝတ္ထုများကို ကျစ်ကျစ်လျစ်လျစ်နှင့် လှလှပပ ဖွဲ့စည်းထားသောကြောင့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ်၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

■

## ရေကြည်မြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရေကြည် ဇူလိုင် ၆

ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၈ နာရီက သပြေကွင်းခေတ်မီစံပြကျေးရွာနှင့် ဖျိုက်ကြီးကျေးရွာကုန်ထုတ်လမ်းဘေးဝဲယာနှင့် သစ်ငုတ္တထောင်ကျေးရွာအုပ်စု မယ်ကျက်မအိုင် ကျေးလက်ကုန်ထုတ်လမ်း လမ်းဘေးဝဲယာတို့၌ ကျင်းပသည်။



ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက မိုးရာသီ သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာများတွင် စိုက်ပျိုးရမည့် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစာရေး၊ ကျေးရွာသူ ကျေးရွာသားများနှင့်အတူ သပြေကွင်းခေတ်မီစံပြကျေးရွာ၊ ဖျိုက်ကြီးကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာနှင့် မယ်ကျက်မအိုင် ကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာတွင် စုစုပေါင်း အပင် ၂၀၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တာမွေမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက်ရှိ တာမွေလေးခုံးကျော်တံတားအနီး တာမွေဘူတာရပ်ဝန်းမှ မေတ္တာညွန့်ဘူတာရပ်ဝန်းအတွင်း ရထားလမ်းမိုင်တိုင် (၃/၄-၅) ကြားနေရာ၌ ပြုလုပ်သည်။

ဦးစွာ သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး တင်နိုင်မိုးက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းထံ စိုက်ပျိုးမည့် စိန်ပန်းနီပျိုးပင်များကို ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သတ်မှတ်နေရာများအလိုက် စိန်ပန်းနီပျိုးပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဓနုဖြူ ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးဘတ်အိုင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များအား ပျိုးပင်များ ပေးအပ်သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက မန်ကျည်းရှားပင် ၁၀၀၊ ပျဉ်းကတိုးပင် ၂၀၊ မဟော်ဂနီပင် ၅၀၊ စိန်ပန်းပင် ၃၀၊ ကံ့ကော်သုံးပင် စုစုပေါင်း၂၀၃ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဂျာမန်အသင်းနှစ်သင်း ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ရီးယဲလ်မက်ဒရစ်နဲ့ ပီအက်စ်ဂျီအသင်းတို့ ဆီမီးဖိုင်နယ်မှာ တွေ့ဆုံနေ

၂၀၂၅ ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကတော့ ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ ဇူလိုင် ၆ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကွာတားဖိုင်နယ်ပွဲစဉ်မှာတော့ ဂျာမန်ဘွန်ဒက်လီဂါကလပ် အသင်းနှစ်သင်းဖြစ်တဲ့ ဒေါ့မွန်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ဟာ ပြိုင်ဘက်အသင်းတွေကို ရှုံးနိမ့်ခဲ့တာကြောင့်ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ ကလပ်ကမ္ဘာ့ဖလားကို အများဆုံးရရှိထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ဂွန်ဇာလိုဂါစီယာက တစ်ဂိုး၊ ဖရန်ဂါစီယာက တစ်ဂိုးနဲ့ အမ်ဘတ်ပီက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ မက်ဇီမီလီယန် ဘီယာက တစ်ဂိုး၊ ဂွီရက်ဆိုင်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဒေါ့မွန်အသင်းနဲ့ ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုခြောက်မိနစ်မှာ ဟွိုက်ဆန် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးမှ ချေပဂိုး တစ်ဂိုး ခွင့်ပြုပေးလိုက်ရတာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဂွန်ဇာလိုဂါစီယာကတော့ ယခုပြိုင်ပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုး လေးဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်း ကတော့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၇၈ မိနစ်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုခြောက်မိနစ်တို့မှာ ရရှိခဲ့တဲ့ သွင်းဂိုး နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၈၂ မိနစ်မှာ ပါချို နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ဟာနန်ဒက်ဇ်တို့ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာကြောင့် ကစားသမားနှစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲမှာ ကိုးပွဲအထိ နိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။ လက်ရှိမှာ ဖီဖာကလပ်ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ တွေ့ဆုံနေတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ဖီဖာကလပ်ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ကိုတော့ ဇူလိုင် ၉ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ချယ်လ်ဆီးအသင်းက ဒေါ့မွန်တောင်ပံကစားသမား ဂစ်တန်အား ပြောင်းရွှေ့ကြေး ပေါင် ၄၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူ



ချယ်လ်ဆီးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တောင်ပံကစားသမား ဂစ်တန်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၈ ဒသမ ၅ သန်းဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၀ အရွယ်ရှိ ဂစ်တန်ဟာ ၂၀၂၀ ပြည့်နှစ်က မန်စီးတီးအသင်းကနေ ဒေါ့မွန်အသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

လက်ရှိချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့လာချိန်မှာတော့ ဂစ်တန်ဟာ ခုနစ်နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ အသက် ၂၁ နှစ်အောက် အင်္ဂလန်ကစားသမား ဂစ်တန်ဟာ ဒေါ့မွန်အသင်းအတွက် ၁၀၇ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၇ ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၄ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ယခုအပြောင်းအရွှေ့ကာလမှာ အစ်ဆွစ်တိုက်စစ်မှူး လီယမ်ဒီလပ်၊ ဘရိုက်တန်တိုက်စစ်မှူး ဂျာအိုပက်ဒရို၊ စပိန်တင်းကွင်းလယ်ကစားသမား အက်ဆူဂိုနဲ့ စထရာစဘော နောက်တန်းကစားသမား မာမာဒူဆားတို့ကိုလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။

ဂစ်တန်ဟာ ချယ်လ်ဆီးအသင်းနဲ့ စာချုပ်ချုပ်ဆိုထားပေမယ့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်အထိ ချယ်လ်ဆီးအသင်းအတွက် ပါဝင်ကစားပေးနိုင်သေးမှာ မဟုတ်ဘူးလို့ သိရပါတယ်။

# မိုဟာမက်ကူဒက်အား ပေါင်သန်း ၅၀ ဖြင့် စပါးအသင်းရဲ့ ကမ်းလှမ်းမှု ဝက်စ်ဟမ်း ငြင်းဆို



စပါးအသင်းက ဝက်စ်ဟမ်းအသင်းမှ မိုဟာမက်ကူဒက်အား ပြောင်းရွှေ့ကြေး ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူရေးကမ်းလှမ်းလာမှုကို ဝက်စ်ဟမ်းအသင်းက ငြင်းဆိုခဲ့ပါတယ်။ ဂါနာကြယ်ပွင့်ကူဒက်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရ ကလပ်အသင်းတစ်သင်းမှာ ပါဝင်ကစားခွင့်ရရှိရေးအတွက် ဝက်စ်ဟမ်းအသင်းကနေ ထွက်ခွာဖို့ စီစဉ်နေသူလည်း ဖြစ်ပါတယ်။ စပါးအသင်းဟာ ယူရိုပါလိဂ်ဖလားရရှိထားတာဖြစ်လို့ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာဖြစ်တာကြောင့် စပါးအသင်းနဲ့ ကစားသမားအကြားမှာ အပြောင်းအရွှေ့ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေရှိနေတာဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ကူဒက်ဟာ ၂၀၂၃ ခုနှစ်အတွင်းက အေဂျက်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းနဲ့ ဝက်စ်ဟမ်းအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ ကူဒက်ဟာ ဝက်စ်ဟမ်းအသင်းအတွက် ပရီမီယာလိဂ် ၆၅ ပွဲမှာ သွင်းဂိုး ၁၃ ဂိုးနဲ့ ဂိုးဖန်တီးမှုကိုးကြိမ် ပြုလုပ်ထားတာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း သုံးနှစ်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။

# အာဆင်နယ်အသင်းက စပို့တင်းတိုက်စစ်မှူး ဂျိုကာရက်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိ




အာဆင်နယ်အသင်းဟာ စပို့တင်းအသင်းမှ ဆွီဒင်တိုက်စစ်မှူး ဗစ်တာ ဂျိုကာရက်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။

ဂျိုကာရက်ဟာ ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းနဲ့အတူ ဘောလုံးရာသီ နှစ်ရာသီအတွင်း ပွဲစဉ်စုစုပေါင်း ၁၀၂ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာမှာ သွင်းဂိုး၉၇ဂိုးအထိ သွင်းယူပေးခဲ့ပြီးနောက် ပရီမီယာလိဂ်အသင်း တစ်သင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ လတ်တလောအချိန်မှာ ရီးယဲလ်ဆိုစီဒက်အသင်းမှ ဇူဘီမန်ဒီကိုလည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ နဲ့ စာချုပ်ချုပ်ဆို ခေါ်ယူထားပြီလည်း ဖြစ်ပါတယ်။

# အိုလက်ဆန်းဒါးယူဆစ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားဟု တိုင်ဆန်ဖျူရီ အရိပ်အမြွက်ပြောကြား



ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်းတစ်ဦးဖြစ်တဲ့ တိုင်ဆန်ဖျူရီဟာ ၂၀၂၆ ခုနှစ် ဧပြီလမှာ ဝင်ဘလေလက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ အိုလက်ဆန်းဒါးယူဆစ်နဲ့ ယှဉ်ပြိုင်ထိုးသတ်သွားဖို့ စီစဉ်ထားတယ်လို့ အရိပ်အမြွက်ပြောကြားခဲ့ပါတယ်။

အသက် ၃၆ နှစ်အရွယ် တိုင်ဆန်ဖျူရီဟာ အိုလက်ဆန်းဒါးယူဆစ်နဲ့ မကျေပွဲ ပြန်လည်ထိုးသတ်ခဲ့ရာမှာ ရှုံးပွဲကြုံခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ လက်ဝှေ့လောကကနေ အနားယူခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာဖို့ရှိနေပြီး ၂၀၂၆ ခုနှစ် ဧပြီ ၁၈ ရက်မှာ လက်ဝှေ့လောကအတွင်း ပြန်လည်ဝင်ရောက်လာဖို့ စီစဉ်နေတယ်လို့ လူမှုမီဒီယာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ တိုင်ဆန်ဖျူရီဟာ အိုလက်ဆန်းဒါးယူဆစ်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်အစီအစဉ် မဖြစ်မြောက်ခဲ့ပါက ဂျိုရှူယာနဲ့ ယှဉ်ပြိုင်ထိုးသတ်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး
## သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc.(General Dental Practice) | (၁)နှစ် |
| (ခ) | သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ Dip.D.Sc (Dental Implantology) | (၁)နှစ် |

**သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) M.D.Sc (Oral and Maxillofacial Surgery) | (၂)နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (မေးရိုးနှင့်ခံတွင်းဆေးပညာ) M.D.Sc (Oral Medicine) | (၂)နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားရောဂါကုဆေးပညာ) M.D.Sc (Conservative Dentistry) | (၂)နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားတုဆေးပညာ) M.D.Sc (Prosthodontics) | (၂)နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) M.D.Sc (Preventive and Community Dentistry) | (၂)နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဖုံးရောဂါကုပညာ) M.D.Sc (Periodontology) | (၂)နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကလေးသွားကျန်းမာရေးပညာ) M.D.Sc (Paediatric Dentistry) | (၂)နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားညှိကုပညာ) M.D.Sc (Orthodontics) | (၂)နှစ် |
| (ဈ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) M.D.Sc (Oral Biological Science) | (၂)နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) Dr.D.Sc(Oral and Maxillofacial Surgery) | (၃)နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (မေးရိုးနှင့်ခံတွင်းဆေးပညာ)Dr.D.Sc (Oral Medicine) | (၃)နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားရောဂါကုဆေးပညာ) Dr.D.Sc (Conservative Dentistry) | (၃)နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားတုဆေးပညာ) Dr.D.Sc (Prosthodontics) | (၃)နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားဖုံးရောဂါကုပညာ) Dr.D.Sc (Periodontology) | (၃)နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ) Dr.D.Sc (Preventive and Community Dentistry) | (၃)နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွားကျန်းမာရေးပညာ) Dr.D.Sc (Paediatric Dentistry) | (၃)နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားညှိကုပညာ) Dr.D.Sc (Orthodontics) | (၃)နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) Ph.D (Oral Biological Science) | (၃)နှစ် |

**၂။ လိုအပ်သောအရည်အချင်းများ**

**ဒီပလိုမာသင်တန်းများ**

**(က) အထွေထွေသွားရောဂါကုဒီပလိုမာ**

Dip.D.Sc.(General Dental Practice)

- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်ဖြစ်ရမည်။
- (၃) လက်ရှိတရားဝင် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဆေးကုသခွင့် မှတ်ပုံတင်(သခ) သက်တမ်း(၂)နှစ်ပြည့်ပြီး(သခ) သက်တမ်းတိုးကိုင်ဆောင်ထားသူ ဖြစ်ရမည်။
- (၄) အသက် သတ်မှတ်ချက် မရှိပါ။
- (၅) သတ်မှတ်ထားသောသင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။
- (၆) သတ်မှတ်ထားသောသင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**(ခ) သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ**

**Dip.D.Sc (Dental Implantology)**

- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
- (၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
- (၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (၅) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (၆) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဂ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
- (၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ (သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒဘာသာရပ်အတွက် လုပ်သက်ကန့်သတ်ချက်မရှိပါ။)
- (၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (၅) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်း အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဃ) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ/ သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူသင်တန်းများ**

- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့(M.D.Sc) (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
- (၃) သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)သင်တန်းအတွက် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) (သို့မဟုတ်) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
- (၄) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
- (၅) ပြည်ပ၌ မိမိအစီစဉ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများမှ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်ထားလိုပါက လျှောက်လွှာပိတ်သည့်နေ့တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်နှင့် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)သင်တန်းအတွက် လျှောက်ထားလိုပါက စုစုပေါင်း လုပ်သက် (၃)နှစ်ရှိရမည်။
- (၆) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (၇) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့/သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်မည့်ရက်မှာ(၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက် အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စောင်ကိုငွေသွင်းချလန်မူရင်းနှင့်တကွ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်မတိုင်မီ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-

| | |
|---|---|
| ပါရဂူဘွဲ့သင်တန်းများ | (၁၆-၁၀-၂၀၂၅ရက်၊ (ကြာသပတေးနေ့) |
| ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်းများ | (၁၇-၁၀-၂၀၂၅)ရက်၊ (သောကြာနေ့) ဖြစ်ပါသည်။ |

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြု သော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ(၂)နာရီ မေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀၀/- (တစ်ထောင်ကျပ်တိတိ)ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ် (၂)၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ်၊MD-288(MD-012887)သို့ ပေးသွင်းရမည်။ (မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ်၊MD-288(MD-012887) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရ စာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက်သတ်မှတ်ထားသည့်ကာလ အတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး၏ Website:http://www.udmmandalay.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး၏ သင်ကြားရေးဌာန၊ ဖုန်း-၀၉-၇၃၀၄၈၆၇၈၊ ၀၉-၂၅၉၅၂၆၇၅၀၊ ၀၉-၇၉၈၈၅၈၇၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်နယ်အစိုးရအဖွဲ့ရုံး
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စက်ကိရိယာတန်ဆာပလာဝယ်ယူခြင်းလုပ်ငန်းဖြစ်သည့် Data Center တွင် လိုအပ်သည်များ ပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း(Lot-6) ဆောင်ရွက်ခြင်းအတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက် | -(၈-၇-၂၀၂၅)မှ(၂၁-၇-၂၀၂၅)ထိ |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်၊ အချိန်၊ နာရီ | -(၂၁-၇-၂၀၂၅)၊ တနင်္လာနေ့၊ (၁၆:၃၀)နာရီ |
| (ဂ) | တည်နေရာ | -မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ |

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၅၇-၂၄၉၇၃ နှင့် ၀၅၇-၂၄၇၃၀ သို့ဖြစ်စေ၊ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
## "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းအတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ခေါ်ယူအပ်ပါသည်။

လုပ်ငန်း
- (၁) မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများ
- (၂) ခွဲစိတ်ခန်းခေါင်မိုးပြုပြင်ခြင်းလုပ်ငန်း
- (၃) Air Tight Door နှင့် Air Con ပြုပြင်ခြင်းလုပ်ငန်း
- (၄) Lecture Hall ဆေးကျောင်းသားများ စာသင်ခုံအလုံး(၂၀၀) တပ်ဆင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများ

| | |
|---|---|
| စတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် | - ၇-၇-၂၀၂၅(တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ |
| တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် | - ၆-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ |

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက် စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၄၄၉၃၊ ၀၁-၃၈၄၄၉၄၊ ၀၁-၃၈၄၄၉၅**
**လိုင်းခွဲ - ၁၀၈၊ ၂၆၅၊ ၂၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/ သုဝဏ္ဏ၊ မြေကွက်အမှတ်(၇၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၉၄)၊ အင်ကြင်းမြိုင်လမ်းသွယ်(၁)လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးတင်ထွန်း(PPN-၀၈၆၃၃၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်းကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၄၁၅၆/၂၀၁၂(၂၉- ၈-၂၀၁၂)ဖြင့် ပိုင်ဆိုင်သူ ဒေါ်သိန်းသိန်းမြင့်နှင့်၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မေမေလတ်တို့ကို တရားပြိုင်ထားကာ ဦးဇော်မင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်လွင်) တရားလိုပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၁၆၉/၂၀၂၀(၂၉-၁၂-၂၀၂၁)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၆၄/၂၀၂၅(၂၃-၄-၂၀၂၅)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ တရားရုံးဘီလစ်ခန့်စာ၊ဂရန်မူရင်းတို့တင်ပြ၍ တရားရှုံးများကိုယ်စား ဘီလစ်ဒေါ်မေသူအောင် [၁၂/မဂတ(နိုင်)၁၀၇၃၅၁]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ် (၁၃၃၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ပေ) ရှိ ဦးသန်းဆွေ [၉/မတလ(နိုင်)၀၁၆၁၅၅] အမည်ပေါက် မြေချပါမစ်မြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း ကတိပြုရောင်းချသူ ဦးစိုးနိုင် [၉/ညဥန(နိုင်)၁၇၄၈၃၉] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်တစ်ပြည်တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါ်ကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ

**KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီသိမ်းပိုက်ထားသည့် မိုးဗြဲမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၁၈

---

**ဂျာမန်အသင်းနှစ်သင်း ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ရီးယဲလ်မက်ဒရစ်နဲ့ ပီအက်စ်ဂျီ အသင်းတို့ ဆီမီးဖိုင်နယ်မှာ တွေ့ဆုံနေ**

စာမျက်နှာ - ၂၅

# MNL League Cup ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း ပထမဆုံးအကြိမ် ဗိုလ်စွဲ



ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း အောင်ပွဲခံနေစဉ်။

ရန်ကုန် ဇူလိုင် ၆

MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၆ ရက်က ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၁၉ ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီးနောက် ဖလားလက်မဲ့ကြုံတွေ့နေရမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အောင်မြင်မှုပြန်လည်ရယူနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၂၄ ခုနှစ်တွင် စတင်ကျင်းပသည့် MNL League Cup ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○

## MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပြန်လည်ကျင်းပ

ရန်ကုန် ဇူလိုင် ၆

၂၀၂၅ MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၂)ကို ဇူလိုင် ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ပြန်လည်ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂



Pacific Sun Far အသင်းနှင့် FFU မင်းမဟော်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## MNL ယူ-၂၁ လူငယ်လိဂ်တွင် ဟံသာဝတီအနိုင်ရပြီး သစ္စာအားမာန်နှင့် Junior Lions သရေကျ

ရန်ကုန် ဇူလိုင် ၆

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့ကို ဇူလိုင် ၆ ရက်က ဆက်လက်ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်း အနိုင်ရပြီး သစ္စာအားမာန်နှင့် Junior Lions အသင်းတို့ သရေကျခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်နှင့် Junior Lions အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ပွဲစဉ် (၁၁) အပြီး ရမှတ်ကွာဟမှု တစ်မှတ်သာရသည့် နှစ်သင်း

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆



သစ္စာအားမာန်နှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်နေစဉ်။